# မြန်မာ့အလင်း


၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်    ၂၀၂၂ ခုနှစ်၊ ဧပြီ ၆ ရက်၊ အင်္ဂါနေ့    အတွဲ (၆၀)၊ အမှတ် (၁၈၈)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူ့အဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင် တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ(ဓမ္မပဒ-၁၈၂)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပ ပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲ လက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မဲရုံပေါင်း ၁၀၃ ရုံ | ၈၆၅၉၅ | ၈၄၀၇၈ | ၂၁၆၆ | ၆၃၁ | ၉၆၈၀ |
| ၂ | မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မဲရုံပေါင်း ၂၁၃ ရုံ | ၁၄၈၃၁၁ | ၁၃၆၇၈၁ | ၉၃၅၀ | ၁၃၀၄ | ၁၇၇၉၂ |
| ၃ | မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မဲရုံပေါင်း ၂၈၄ ရုံ | ၂၁၉၁၁၂ | ၁၇၃၅၅၇ | ၁၁၁၅၀ | ၃၄၄၄ | ၃၃၁၈၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ပေါက်မြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများ ကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ် ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၆၀၀၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၁၉၅၃၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၄၃၄၀၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၇၆၁၂၈၊ မြေပြင်လက်ကျန် ၁၆၆၆၃၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိ ရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၁၈၈၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၄၀၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်း တို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | ဆိပ်ဖြူ | ၁၀၃ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |
| ၂ | ပေါက် | ၂၁၃ | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |
| ၃ | တောင်တွင်းကြီး | ၂၈၄ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |
| | စုစုပေါင်း | ၆၀၀ | ၅၁၉၅၃၄ | ၃၄၃၄၀၆ | ၁၇၆၁၂၈ | ၁၆၆၆၃၉ | ၁၁၈၈၉ | ၂၄၀၀ |

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

**(၂၈)ကြိမ်မြောက် မြန်မာ့ တပ်မတော် ဆေးပညာရပ် ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ**


ပြည်တွင်းသတင်း စာ ၇

**ဆူပူအုံကြွမှုများကို နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ ...**

ဆောင်းပါး စာ ၈

**ပြင်သစ်နိုင်ငံ၌ ကိုဗစ် -၁၉ ကြောင့် ဆေးရုံတက်ရသူ အရေအတွက် တစ်ရက် အတွင်း ၄၇၀ အထိရှိလာ**

နိုင်ငံတကာသတင်း စာ ၁၃



# မန္တလေး - ဗန်းမော် သင်္ဘောခရီးစဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

နေပြည်တော် ဧပြီ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေဝတီဌာနခွဲ (မန္တလေး)မှ မန္တလေး- ဗန်းမော်ခရီးစဉ်ကို တစ်ပတ် လျှင် နှစ်ခေါက် (တနင်္လာ၊ ကြာသပတေး) နေ့တိုင်း ဂေါဝိန်ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ပြေးဆွဲရာတွင် ပြဒါးပျံ၊ ပင်လုံ၊ ပတိုင်း၊ ပိတောက်၊ ပေါက်တန်း စသည်ဖြင့် ပီကြီး/ ပီလတ် အမျိုးအစား နှစ်ထပ် ခရီးသည်နှင့် ကုန်စည်တင်ဆောင် နိုင်သော သင်္ဘောများဖြင့် မန္တလေးမှစတင်ထွက်ခွာ ပြီး လမ်းခရီးတွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူမြို့များတွင် ခရီးသည်နှင့် ကုန်စည်များ အတက်/ ဆင်း ပြုလုပ်နိုင်ရန် ရပ်နား ပေးပြီး

စာမျက်နှာ ၇ ကော်လံ ၁ ❍

# လူသားအရင်းအမြစ်ကောင်း ရရှိရေး ကျန်းမာရေးနှင့်ပညာရေးကို အားပေး

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများ ပိတ်ထားခဲ့ရသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့်တကွ နိုင်ငံ၏ ပညာရေးကဏ္ဍတွင်ပါ ထိခိုက်နစ်နာရသည်။ စာမေးပွဲဖြေဆိုနေဆဲမှာပင် တက္ကသိုလ်ပိတ်လိုက်ရခြင်းကြောင့် ပညာရေးတစ်ပိုင်းတန်းလန်းနှင့် ဘွဲ့ယူရန် နောက်ဆုတ်သွားခဲ့ရသည့် အခြေအနေများလည်းရှိခဲ့ရာ နောက်ဆက်တွဲအနေဖြင့် လုပ်ငန်းခွင်များသို့ ဝင်ရောက်ရန်၊ ရာထူးဝန်စာမေးပွဲတို့ ဖြေဆိုနိုင်ရန် အခွင့်အလမ်းများလည်း နောက်ကျသွားရခြင်းဖြစ်သည်။

ကျောင်းများပိတ်ထားရခြင်းမှာ အစိုးရ၏ မူဝါဒကြောင့် မဟုတ်ဘဲ တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသည့် ကူးစက်ရောဂါကြောင့်သာဖြစ်ပြီး အခြားနိုင်ငံများတွင်လည်း ကျောင်းများပိတ်သည့်နိုင်ငံက ပိတ်၊ ပြန်ဖွင့်ရန်ကြိုးစားသည့်နိုင်ငံက ကြိုးစား၊ ကျောင်းများပြန်ဖွင့်ပြီးမှ ကူးစက်ရောဂါပျံ့နှံ့မှုနှုန်း မြင့်မားလာခြင်းကြောင့် ကျောင်းများ ပြန်ပိတ်ရနှင့် ပညာရေးကဏ္ဍများကမောက်ကမနှင့် ထိခိုက်ခံစားနေကြရသည်ကို နိုင်ငံတကာသတင်းများ၌လည်း မကြာမကြာ ဖတ်ရှုနေရသည်။

"နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရှိရမည်၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရမည်၊ ဆက်သွယ်မှုစနစ်ကောင်းမွန်ရန်နှင့် ကျန်းမာရေးနှင့် ပညာရေးစနစ်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းတို့ရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်ကောင်း ရရှိရန်အတွက် ကျန်းမာရေး၊ ပညာရေးတို့ကို အားပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ဖြစ်ပေါ်မှုကြောင့် ပိတ်ထားရသည့်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သည်ဟု ကိန်းဂဏန်းများအရ သိရှိရပြီး တတ်မြောက်မှုအများစုသည် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ပညာရေးသာဖြစ်ကြောင်း" နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဤသည်မှာ အလုပ်လုပ်နိုင်သည့်အရွယ် အများစုရှိနေသော လူဦးရေဆုလာဘ် ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်ပင်ဖြစ်သည်။ နိုင်ငံက ပိုင်ဆိုင်ထားသည့် လူသားအရင်းအမြစ်သည် အရေအတွက်သက်သက်မျှသာမဟုတ်ဘဲ အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရန် ပြုစုပျိုးထောင်ရမှာဖြစ်ပြီး ကျန်းမာရေးကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရမှာဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်ကောင်းများက အဓိကအားအင်ဖြစ်သည်။ မကျန်းမမာနာတာရှည်ဝေဒနာ ခံစားနေရသူများ၊ အင်အားချည့်နဲ့သူများ၊ ကိုယ်ရော စိတ်ပါ ကြံ့ခိုင်မှုမရှိသူများ၊ ကျွမ်းကျင်မှုမရှိသလောက်နည်းပါးသူများ၊ စွမ်းဆောင်ရည်နိမ့်ကျသူများ၊ ပျင်းရိထိုင်းထိုင်းသူများနှင့် နိုင်ငံကို မြင့်မားအောင်မြှင့်တင်နိုင်မည်မဟုတ်။ ထို့အပြင် ဆင်းရဲနွမ်းပါးမှုနှင့် နေသားကျနေကြပြီး ကြိုးစားရန်းကန် အားထုတ်လိုစိတ်မရှိသည့် အလေ့အထများ စွဲနေခြင်းမျိုးဖြစ်သည်။ ၎င်းအခြေအနေမျိုးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက်ပါ မရှိသင့်သော အခြေအနေဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော် စာတတ်မြောက်သော်လည်း တတ်မြောက်မှုအများစုသည် မူလတန်းနှင့် အလယ်တန်းအဆင့် ပညာရေးသာ ဖြစ်နေခြင်းသည် ရေရှည်ဆက်လက်ပြုစုပျိုးထောင်သွားရမည့် အခြေအနေ ဖြစ်သည်။

အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ယူနိုင်ခြင်း မရှိသူများအား ကျွမ်းကျင်လုပ်သားများ ဖြစ်လာရေး၊ သက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေး၊ လုပ်ငန်းခွင်များနှင့် ဆက်စပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ဒေသနှင့်ကိုက်ညီသည့် အသေးစား အငယ်စားလုပ်ငန်းများ ထူထောင်နိုင်ရေးအားပေးခြင်းတို့ကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်သည်နှင့် အမျှ လူ့စွမ်းအားအရင်းအမြစ်တန်ဖိုး မြင့်မားလာသည့် ရလဒ်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် မေ ၅

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

မေ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှုံပြည်ရခိုင်ပုံရိပ်အချပ်ပိုကို မေ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို မေ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်) မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၈ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၂၀ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

# ပါရဂူဘွဲ့သင်တန်းနှင့် ပါရဂူဘွဲ့ကြိုသင်တန်း လျှောက်လွှာများ ၁၂-၄-၂၀၂၁ ရက်နေ့အထိ လျှောက်ထားနိုင်

နေပြည်တော် မေ ၅

ပညာရေးဝန်ကြီးဌာနရှိ ပါရဂူဘွဲ့သင်တန်း ဖွင့်လှစ်သော ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ပါရဂူဘွဲ့ကြို (Ph.D Prelim) သင်တန်းတက်ရောက်ရန်အတွက် သက်ဆိုင်ရာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ပုံစံဖြင့် ၆-၄-၂၀၂၁ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းစာများတွင် ကြော်ငြာခေါ်ယူထားပြီးဖြစ်သော်လည်း အဆိုပါ နောက်ဆုံးလျှောက်ထားရမည့် ၆-၄-၂၀၂၁ ရက်အစား ရက်တိုးမြှင့်၍ ၁၂-၄-၂၀၂၁ ရက် (တနလ်ာနေ့)အထိ လျှောက်ထားနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်မံကြေညာထားကြောင်း သိရှိရသည်။

သတင်းစဉ်

# ရွှေဂွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မေ ၅

COVID-19 ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းအပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# စစ်မှန်၍ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ နိုင်ငံတော်၏ တာဝန်များအား ပုဒ်မ ၄၁၇ နှင့် ၄၁၈ တို့အရ ဆောင်ရွက်ခဲ့ပြီး ပုဒ်မ ၄၁၉ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေး ခေတ္တတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် တပ်မတော်သားများအနေဖြင့် တစ်ဦးချင်းအသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် ကြိုးစားဆောင်ရွက်ပြီး မိမိတို့တစ်ဦးချင်းမှ မိမိကိုယ်ကိုယ်နှင့် မိမိတပ်ကိုကောင်းအောင်ကြိုးစားပြီး တပ်မတော်၊ တိုင်းပြည်နှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀-၃-၂၀၂၁ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများ စစ်ဆေး

နေပြည်တော် ဧပြီ ၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့တွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာအမျိုးသားလေကြောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



### ရှင်းလင်းတင်ပြ

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးသည် ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဌာန၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ စည်းမျဉ်းချမှတ်ကြီးကြပ်သည့် လုပ်ငန်း၊ ဘေးကင်းမှု စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းဆောင်ရွက်မှု၊ ဌာန၏ဖွဲ့စည်းပုံ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်အမျိုးအစားများ၊ ထုတ်ပေးခဲ့ပြီးသော လေယာဉ်မောင်းလိုင်စင်အမျိုးအစားနှင့် အရေအတွက်၊ မြန်မာနိုင်ငံ ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများ၊ နိုင်ငံ၏ လေဆိပ်/ လေယာဉ်ကွင်း အခြေအနေများ၊ လေကြောင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုနှင့် ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ်က မြန်မာအမျိုးသားလေကြောင်း၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ စီမံခန့်ခွဲရေးအဖွဲ့၊ ဖွဲ့စည်းမှု၊ ဌာန၏ ရည်မှန်းချက်၊ ဌာနအလိုက်လုပ်ငန်းတာဝန်များ၊ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်တွင်း/ ပြည်ပ ပျံသန်းပြေးဆွဲမှု အခြေအနေ၊ ATR လေယာဉ်အကြီးစား အလုပ်ရုံစီမံကိန်း လုပ်ငန်းနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အရာထမ်း၊ အမှုထမ်းများကို စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

### သက်စွန့်ကြိုးပမ်း ဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက် အထောက်အကူပြုနိုင်သည့် မြို့ပြလေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဌာန၏ရည်မှန်းချက်များဖြစ်သော ဘေးအန္တရာယ်ကင်းဝေးစေရေး၊ လုံခြုံမှုရှိရေး၊ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ စဉ်ဆက်မပြတ် တိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲကာလ မဲစာရင်းကွာဟမှုများ များပြားလွန်းမှုများကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီခရီးစဉ်လမ်းတွင် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ထုတ်ပြန်ပြီး နိုင်ငံတော်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အရေးပေါ်ကာလတွင် ပထမ အေးချမ်းစွာဆန္ဒပြနေရာမှ မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူဆန္ဒပြမှုများမှ အကြမ်းဖက်မှုများ ဆောင်ရွက်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံခြားသားပိုင် စက်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကို ပျက်စီးအောင် ဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်၍ CDM လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ CDM လှုပ်ရှားမှု၊ ဆူပူဆန္ဒပြမှုများ၊ အဖျက်လုပ်ငန်းများတွင် အချို့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပြီး နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာဖြင့် ပါတီနိုင်ငံရေးကင်းရှင်းအောင် နေထိုင်၍ လုပ်ငန်းတာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်သွယ်မရ၍ ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများသည် ဌာနအတွက် တန်ဖိုးကြီးမားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သောကြောင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်စေရေး စည်းရုံးဆွဲဆောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် မိမိဌာန၏ လုပ်ငန်းများ ရပ်တန့်မှုမဖြစ်စေရေး၊ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအောက်ရှိ လေကြောင်းထိန်းမျှော်စင်၊ မြန်မာအမျိုးသားလေကြောင်းဌာနအောက်ရှိ ATR လေယာဉ် အကြီးစားပြင်ဆင်ရေးအလုပ်ရုံနှင့် လေယာဉ်မြေပြင်ဝန်ဆောင်မှု လုပ်ငန်းဌာနများသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ရတနာ့ခံ ပရိယတ္တိစာသင်တိုက် ရတနာဘိမတမ္မဇီမာန်တော်၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ၊ ရေဆင်းကန်ဦးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ရေဆင်းကန်ဦးကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ဝေစည်နိုင်စေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်ကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြသော ဆရာတော် သံဃာတော်များအား ဆရာဒကာ တွဲလက်ညီညာစွာဖြင့် ပစ္စည်းလေးပါးတို့ကို နေရာအလိုက် ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ပါကြောင်း၊

ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ဒေသအသီးသီးရှိ တန်ခိုးကြီးဘုရား စေတီများသို့ ရဟန်းရှင်လူ ပြည်သူအများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကုသိုလ်ယူနေကြသဖြင့် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ယူရပါကြောင်း။

ယခုလို အခြေအနေမျိုးတွင် သာသနာ့ဝန်ဆောင် ဆရာတော် သံဃာတော်များအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ဆွမ်းဆန်တော်များ လှူဒါန်းပေးခြင်းဖြင့် ဆရာတော် သံဃာတော်များအတွက် ထိုက်သင့်သည့် ဘောဇနသပ္ပါယ မျှတနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များ ဆွမ်း၊ ကွမ်း ဘောဇဉ်မျှတပြီး အသက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် ဗုဒ္ဓမြတ်စွာ၏ ဓုရနှစ်ဖြာ သာသနာတော်ကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အနှစ်ငါးထောင်စွာ တည်တံ့ထွန်းလင်း ဝေစည်နိုင်ပါစေကြောင်း လျှောက်ထားသည်။

ထို့နောက် နေပြည်တော် ဇေယျာသီရိမြို့နယ် သံဃနာယကအဖွဲ့ (သုဓမ္မာ) ဥက္ကဋ္ဌ ရတနာ့ခံကျောင်းတိုက်၊ ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရ မထေရ်မြတ်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အဆိုပါ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ဘုန်းတော်ကြီးကျောင်း ၆၀၊ သီလရှင်ကျောင်း တစ်ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၈၁၇ ပါး၊ သီလရှင် ၃၃ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း အပါး ၈၅၀ တို့အား ဆွမ်းဆန်တော် ၁၅၇ အိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဧပြီ ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇား တိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူး တိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ (ယာပုံ)

**အားပေးစကားပြောကြား**

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ



လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၅

၂၀၂၂ ခုနှစ် ဧပြီလ ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပဉ္စမနေ့ကို ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်မျက်အတွဲ ၁၉၉ တွဲအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၅၂ တွဲ ရောင်းချခဲ့ရသည်။

ယနေ့ရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲ ဗဟိုကော်မတီဝင်များ လာရောက်၍ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

## ခင်းကျင်းပြသ

ရောင်းချပွဲ ပဉ္စမနေ့တွင် နံနက် ၈ နာရီမှစ၍ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ၌ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှု စစ်ဆေးကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

## ဖွင့်ဖောက်စစ်ဆေး

ယနေ့တွင် ကျောက်စိမ်းအတွဲအမှတ် ၁ မှ အတွဲအမှတ် ၄၅၀ အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ဧပြီ ၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၅၁ မှ အတွဲအမှတ် ၉၀၀ အထိတင်သွင်းသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၇ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ ဧပြီ ၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၉၀၁ မှ အတွဲအမှတ် ၁၃၅၀ အထိ တင်သွင်းသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၈ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၃၅၁ မှ အတွဲအမှတ် ၁၈၀၀ အထိ တင်သွင်းသည့် ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၉ ရက် နံနက် ၈ နာရီတွင်လည်းကောင်း၊ ဧပြီ ၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၈၀၁ မှ အတွဲအမှတ် ၂၁၄၈ အထိတင်သွင်းသည့်ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၁၁ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဧပြီ ၁၀ ရက် နံနက် ၈ နာရီတွင်လည်းကောင်း ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။



သတ်မှတ်နေရာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ။

သတင်းစဉ်

# လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Social Management Information System – SMIS) တည်ဆောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဦးစားပေးလုပ်ငန်း

အစည်းအဝေး၌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများကို အကောင်



အထည်ဖော်ရာတွင် သတင်းအချက်အလက်နည်းပညာကို အသုံးပြုပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် ဝန်ကြီးဌာန၏ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ နည်းပညာအသုံးပြု၍ စီမံခန့်ခွဲခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုမြန်ဆန်တိကျခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း၊ နည်းပညာကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် လူသားအရင်းအမြစ်အား လေ့ကျင့်သင်ကြားပေးခြင်းလုပ်ငန်းမှာ အရေးကြီးပါကြောင်းနှင့် မူလရေးဆွဲထားသော အစီအစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

## နမူနာယူ ဆောင်ရွက်သင့်

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်များ တည်ဆောက်အသုံးပြုမှုနှင့်ပတ်သက်၍ နိုင်ငံတကာ ဥပမာများနှင့် နမူနာယူ ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ပြောကြားသည်။ ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးတို့က စနစ်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ထားမှု အခြေအနေများ၊ SMS စနစ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် စတင်အသုံးပြုနိုင်ရေး ရည်မှန်းကြိုးပမ်းလျက်ရှိသည့် အခြေအနေများနှင့် စနစ်တည်ဆောက်ပြီးစီးပါက လူမှုဝန်ထမ်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်များကို အကောင်အထည်ဖော်ရာနှင့် ကလေးသူငယ်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်များကို စီမံခန့်ခွဲရာ၌ ပိုမိုမြန်ဆန်တိကျစွာ ဆောင်ရွက်လာနိုင်မည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခြားတက်ရောက်လာသည့် ဌာနတွင်း တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# UWSA (ဝ) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးဘက်ဆိုင်ရာသင်တန်းနှင့် မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြား

နေပြည်တော် ဧပြီ ၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာရှိ ဝမ်ဟုန်ဆေးရုံ၌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးတပ်ရင်းမှ ဆေးတပ်ဖွဲ့ဝင်များဖြင့် UWSA (ဝ) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆေးပညာရပ်ဆိုင်များ သင်ကြားပေးရန်အတွက် ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၂၁) နှင့် ဆေးဘက်ဆိုင်ရာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၁) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ နေရာ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ UWSA (ဝ) အဖွဲ့မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ (ယာပုံ)

ရှေးဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး UWSA (ဝ) အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

ထို့နောက် ဆေးဘက်ဆိုင်ရာ သင်တန်းနှင့် ဆေးဘက်ဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်ပို့ချရာတွင် အသုံးပြုသည့် သင်ထောက်ကူပစ္စည်းများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် UWSA (ဝ) အဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဆေးဘက်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၂၁) သင်တန်းကို ဒေသခံတိုင်းရင်းသားပြည်သူသင်တန်းသား၊ သင်တန်းသူ ၄၆ ဦးဖြင့်လည်းကောင်း၊ ဆေးဘက်ဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၁) ကို ဒေသခံ တိုင်းရင်းသားပြည်သူ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦးတို့ဖြင့် လည်းကောင်း မေ ၂၁ ရက်အထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု လုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# မှောင်မိုက်သောနေ့တွေ ကုန်ဆုံးနိုင်ပါစေ

**— — ကိုရေချမ်း — —**

ကျွန်တော်တို့ ရပ်ကွက်ထဲမှာ နေထိုင်ကြတဲ့ သက်ကြီးရွယ်အို သုံးလေးယောက်လောက် ယခုရက်ပိုင်းအတွင်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတာကို သတိထားမိလိုက်ပါတယ်။ လူတစ်ဦးတစ်ယောက်ဟာ အကြောင်းတစ်ခုခုကြောင့် ကွယ်လွန်သွားတယ်ဆိုရင် များသောအားဖြင့် ဆေးရုံအအေးတိုက်ကနေတစ်ဆင့် အသုဘချကြတာ များကြပေမယ့် ယခုကျွန်တော်တို့ရပ်ကွက်က ကွယ်လွန်သူ ဘကြီး၊ အမေကြီးတွေကို နေအိမ်ကနေ အသုဘချတာတွေမြင်ရတော့ အထူးအဆန်းလိုလို လိုက်လံမေးမြန်းကြည့်မိပါတယ်။

## CDM ဆေးရုံတွေ

အဲဒီဘကြီး၊ အမေကြီးတွေ ကွယ်လွန်ရတဲ့ အကြောင်းရင်းက ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ အသက်အရွယ်အိုမင်းပြီး ဇွဲ ပါးသော ရောဂါအခံနဲ့ ဖြစ်ရိုးဖြစ်စဉ် ကွယ်လွန်သွားတာပါ။ ဒါပေမယ့် ထူးဆန်းတာက ဆေးရုံကို မသွားနိုင်တော့ဘဲ ကိုယ့်အိမ်မှာပဲ အတတ်နိုင်ဆုံးပြုစုစောင့်ရှောက်ကြပြီး ဘဝတစ်ခု အဆုံးသတ်သွားတာဖြစ်ပါတယ်။ ဘကြီး၊ အမေကြီးတွေ ဘာဖြစ်လို့ ဆေးရုံကို မသွားနိုင်ကြတာလဲ။ အားလုံးသိကြတဲ့ အတိုင်းပါပဲ။ ကျန်းမာရေးဝန်ထမ်းတွေ CDM လုပ်နေကြတဲ့အတွက် အချို့ပြည်သူ့ဆေးရုံကြီးတွေ ယနေ့ထက်တိုင် ပိတ်ထားဆဲဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ဖွင့်နိုင်တဲ့ အချို့ ပြည်သူ့ ဆေးရုံတွေကျပြန်တော့လည်း ဆရာဝန်၊ သူနာပြုတွေမရှိတာ၊ မလုံလောက်တာတွေကြောင့် အခက်အခဲဖြစ်ကြရပါတယ်။

ကျွန်တော်တို့ မြို့နယ်ရပ်ကွက်နဲ့ အနီးဆုံး ပြည်သူ့ဆေးရုံကြီးကတော့ ယနေ့ထက်တိုင် ပိတ်ထားဆဲပါပဲ။ ယခုဆိုရင် နှစ်လကျော်ကြာ ပိတ်ထားတဲ့ ပြည်သူ့ဆေးရုံကြီးကို မြင်ရသူတွေအဖို့ စိတ်မချမ်းမသာဖြစ်ကြပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲက အဘ ဘိုးသက်ရှည်က **"စစ်ဖြစ်နေတာတောင် ဖွင့်နိုင်ခဲ့တဲ့ ဒီဆေးရုံကြီးဟာ ခုများတော့ ညြချ လောက်ပါရဲ့"** လို့ ဆိုလိုက်တဲ့ မြည်တွန်တောက်တီးသံကို ကြားခဲ့ရပါတယ်။ ရပ်ကွက်နေပြည်သူတွေရဲ့ အဆိုအရ ရောဂါတစ်စုံတစ်ခုဖြစ်လာရင် ဖြစ်နိုင်သလောက် ဆေးရုံကို မသွားကြတော့တာ များပြီး မဖြစ်မနေသွားကြတဲ့သူတွေက ငွေကြေးတတ်နိုင်တဲ့သူတွေ၊ ရှိတာတွေကို ရောင်းချ ပေါင်နှံ ချေးငှားနိုင်တဲ့သူတွေဖြစ်ပြီး သူတို့က ပုဂ္ဂလိကအထူးကု ဆေးရုံတွေကို သွားကြပါတယ်။ တပ်မတော်ဆေးရုံတွေမှာ ပြည်သူတွေလည်း ကုသနိုင်တယ်လို့ ကြားသိကြပေမယ့် သူတို့အကြောင်းနဲ့သူတို့ မသွားကြသူတွေရှိပါတယ်။

## အသေစောကြ

ကျွန်တော်တို့ရပ်ကွက်က အထက်ကဖော်ပြခဲ့တဲ့ ဘကြီး၊ အမေကြီးတွေရဲ့ မိသားစုဘဝတွေက လက်ရှိမှာ အလုပ်အကိုင်တွေမရှိသလို မပြည့်စုံကြတဲ့သူတွေ ဖြစ်ပါတယ်။ အဲဒီမှာ မိသားစုသုံးစုဟာ ယခုကာလအတွင်းမှာ နိုင်ငံရေး တက်ကြွလှုပ်ရှားကြတဲ့သူတွေဖြစ်ပြီး တစ်စုကတော့ အားကိုးအားထား ကျောထောက်နောက်ခံ မရှိတဲ့သူဖြစ်ပါတယ်။ ယခုကွယ်လွန်ခဲ့တဲ့ သက်ကြီးရွယ်အိုတွေဟာ အသက်အရွယ်နဲ့ ရောဂါအခံကြောင့် သေဆုံးရတာလို့ ဆိုတာထက် စိတ်ကြောင့် အသေမြန်တယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာ့ဆေးကျမ်းမှာ လူတစ်ယောက်ဟာ ကံ၊စိတ်၊ဥတု၊အာဟာရနဲ့ အသက်ရှင်သန်တယ်လို့ ဆိုပါတယ်။ အခုဖြစ်ကြတာကတော့ ကံကလည်းကုန်၊ ဥတု အခြေအနေကလည်းမကောင်း၊ အသက်အရွယ်ကြီးပြီး ပြည့်စုံမှုမရှိတော့ အာဟာရက ချို့တဲ့၊ အဘက်ဘက်က အားနည်းနေပြီဖြစ်တဲ့ ဘိုးဘွားတွေ အိပ်ရာထဲမှာ ဖုတ်လိုက်ဖုတ်လိုက် ညည်းတွားလဲလျောင်းနေနေရတဲ့အချိန်မှာ နေ့နေ့ညည ရပ်ကွက်ထဲမှာ ဆူပူထုနှက်သောင်းကျန်းနေတဲ့ အသံတွေကို ကြားနေရတော့ စိတ်နှလုံးထိတ်လန့်ထိခိုက်ကြပြီး အလျင်အမြန်ပဲ ကွယ်လွန်ကြတာလို့ မှတ်ချက်ချချင်ပါတယ်။ ကျွန်တော်တို့လို အသက်အရွယ်ရပြီး ကျန်းမာသေးတဲ့လူတွေတောင် အနိဋ္ဌာရုံတွေကို နေ့စဉ်မြင်တွေ့နေရလို့ နှလုံးပိုင်းဆိုင်ရာတွေ အရင်လို လန်းလန်းဆန်းဆန်း မရှိတော့ဘူးလို့ ထင်ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်ဟာ ရောဂါတစ်ခုခုကြောင့် ကျန်းမာရေး ဖောက်ပြန်လာရင် ဆေးရုံတွေ၊ ဆရာဝန်တွေဆီ အမြန်ဆုံးပြေးချင်ကြတဲ့သူတွေပါပဲ။ ပြန်လည် ကျန်းမာလာရင် ကုသပေးတဲ့ ဆရာဝန်ကို သတိရမဆုံး၊ ကျေးဇူးတင်မဆုံးပါပဲ။ ရန်ကုန်မြို့မှာရှိတဲ့ ပြည်သူ့ဆေးရုံကြီးတွေဟာ ခေတ်အဆက်ဆက် ပြည်သူတွေအားလုံး အားထားခဲ့ရတဲ့ ဆေးရုံကြီးတွေဖြစ်ပါတယ်။ ယခုအခါမှာတော့ ပိတ်တဲ့ ဆေးရုံကပိတ်၊ ဆရာဝန်မရှိတဲ့ဆေးရုံက ဆရာဝန်မရှိ၊ သူနာပြုမရှိတဲ့ဆေးရုံက သူနာပြုမရှိနဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးသမိုင်းမှာ တစ်ခါမှ မကြုံဖူးတဲ့အဖြစ်ပါပဲ။ အထက်က အဘဘိုးသက်ရှည်ပြောသလိုပါပဲ၊ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဟာ ယခုထက်အဆပေါင်းများစွာ ကြီးမားပါတယ်။ တစ်တိုင်းပြည်လုံး ဆူပူအုံကြွမှုတွေဖြစ်လို့ အလုပ်တွေ ပိတ်နေပေမယ့် ဆေးရုံတွေအားလုံးမှာရှိကြတဲ့ ဆရာဝန်၊ သူနာပြုတွေအားလုံး အလုပ်မပျက်လုပ်ခဲ့ကြပါတယ်။

## ဆရာဝန်ဂုဏ်သိက္ခာ

၂၀၂၁ ခုနှစ် ဆေးရုံတွေရဲ့ အဖြစ်အပျက်တွေဟာ အံ့သြမကုန်နိုင်ဖွယ်ရာ အဖြစ်တွေပါပဲ။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲစတင်ဖြစ်တဲ့ အချိန်မှာ CDM ဓာတ်ညွှန်းကို စတင်ဖြန့်ထုတ်ခဲ့သူဟာ မင်းကိုနိုင်ပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံး CDM စလုပ်တဲ့ ဌာနဟာ ကျန်းမာရေးဌာနဖြစ်ပါတယ်။ တကယ်တော့ ကျန်းမာရေးဌာနက CDM လုပ်တာ မဟုတ်ပါဘူး။ ဆေးပညာရှင်၊ ဆရာဝန်၊ သူနာပြုတွေက မင်းကိုနိုင်ရဲ့ ဓာတ်ညွှန်းကို သရုပ်ဖော်ကြတာဖြစ်ပါတယ်။ မင်းကိုနိုင်ဟာ နိုင်ငံရေးစင်မြင့်ပေါ်မှာ တစ်ကိုယ်တော်လှုပ်ရှားသူအဖြစ် ရပ်တည်နေပေမယ့် ပြည်ပအထောက်အပံ့ခံဖြစ်နေမယ်ဆိုရင်တော့ အပေါ်စားနိုင်ငံရေးသမားဖြစ်ပါလိမ့်မယ်။ ဆရာဝန်တွေဟာ မွန်မြတ်တဲ့ နှလုံးလှပိုင်ရှင်တွေဖြစ်လို့ မင်းကိုနိုင်ချပေးတဲ့ လမ်းကို လိုက်ကြမယ်ဆိုရင် ဆရာဝန်ဂုဏ်သိက္ခာကျလှပါတယ်။

လမ်းမှားကို လျှောက်မိလို့ လမ်းမှန်ပေါ်ကို ပြန်ရောက်အောင်လုပ်နိုင်တဲ့သူကို လူတော်လို့ ဆိုနိုင်သော်လည်း လမ်းမှားကို ဆက်လျှောက်နေတဲ့သူကိုတော့ မိုက်မဲသူလို့သာ ဆိုရပါလိမ့်မယ်။ ရုံးဝန်ထမ်းတွေဟာ CDM လုပ်ချင်လုပ်နိုင်သော်လည်း ကျန်းမာရေး၊ လျှပ်စစ်၊ မီးသတ်ဌာနတွေဟာ CDM မလုပ်သင့်တဲ့ ဌာနတွေ ဖြစ်ပါတယ်။ အကယ်၍ အဲဒီဌာနတွေ CDM လုပ်ခဲ့မယ်ဆိုရင် ပြည်သူတွေပဲ ဒုက္ခရောက်ကြမယ်ဆိုတာ သာမန်အားဖြင့်ပင် သိနိုင်ပါတယ်။ ဒါပေမယ့် ပြည်သူတွေရဲ့ဘဝတွေ၊ ပြည်သူတွေရဲ့ မျက်နှာတွေကို မထောက်ထားဘဲ CDM လုပ်ခဲ့ကြလို့ အရေးပေါ်ဖြစ်ခဲ့ကြတဲ့ ပြည်သူတွေရဲ့ ဝေဒနာတွေနဲ့ ဆုံးရှုံးခဲ့ရတဲ့ဘဝတွေဟာ ဘယ်လိုမှ ပြန်မရနိုင်တော့ပါဘူး။ ကြားသိခဲ့ရတဲ့ နာကျင်ကြေကွဲစရာ အဖြစ်တွေကြောင့် စိတ်မကောင်းဖြစ်ရပါတယ်။

> **"နိုင်ငံတကာနဲ့ယှဉ်ရင် ကျန်းမာရေးအဆင့်အတန်း နိမ့်ကျနေသေးတဲ့ မြန်မာနိုင်ငံမှာ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်တာဟာ ရောဂါဝေဒနာခံစားနေရတဲ့ပြည်သူတွေ သေတော့လို့လုပ်လိုက်သလို ဖြစ်စေပါတယ်။ CDM ရဲ့ အကျိုးရလဒ် ဘာမှန်းမသိလိုက်သေးတဲ့အချိန်မှာ ရောဂါဝေဒနာရှင်တွေရဲ့ အသက်တွေဟာ ဆုံးရှုံးသွားခဲ့ပါပြီ။ ဆရာဝန်ကဲ့သို့ ပညာရှင်ဝန်ထမ်းတွေဟာ ပညာမာနနဲ့ ကိုယ့်အယူအဆနဲ့ကိုယ် ရှိသင့်ပါတယ်။ သီအိုရီသမားတွေရဲ့ စမ်းသပ်ကွင်းထဲကိုဝင်ပြီး ပြည်သူတွေ ခံစားနေကြရတဲ့ မှောင်မိုက်တဲ့ဘဝတွေ အဆုံးသတ်စေချင်ပါပြီ"**

## လူနာအသက်ဆုံးရှုံး

ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ CDM ကြောင့် လူတစ်ယောက်ရဲ့အသက်ကို မကယ်လိုက်နိုင်တဲ့သတင်း စတင်ကြားသိခဲ့ရပါတယ်။ တပ်မတော်က ဖေဖော်ဝါရီလ ၁ ရက်နေ့ နိုင်ငံ့တာဝန်ယူလိုက်ပြီး မကြာမီ CDM ဆိုတာ ချက်ချင်းလူထုကြားမှာ ပျံ့နှံ့သွားပြီး ဆရာဝန်တွေက စတင်အကောင်အထည်ဖော်လိုက်ပါတယ်။ ဆရာဝန်အားလုံးကို မဆိုပါဘူး။ ဆရာဝန်ကျင့်ဝတ်ကိုလိုက်နာတဲ့ ဆရာဝန်တွေ ရှိပါတယ်။ အဲဒီနေ့မနက်က ဆေးရုံကို ရောက်လာတဲ့ နှလုံးရောဂါအသည်းအသန်လူနာဟာ ဆရာဝန်တွေ CDM လုပ်နေလို့ ကုသပေးနိုင်မှု မရှိခဲ့ပါဘူး။ ရောက်လာတဲ့ ဆရာဝန်ငယ်ကလည်း အရေးပေါ်မလုပ်တတ်လို့ လူနာ အသက်ဆုံးရှုံးခဲ့ရပါတယ်။ လူနာအသက်ဆုံးရှုံးသွားတော့ ကိုဗစ်ရောဂါပိုးတွေ့တယ်ဆိုပြီး ချက်ချင်းသင်္ဂြိုဟ်လိုက်လို့ မိသားစုမလိုက်ရဘဲ အထုပ်ဝိုက်စောင့်နေခဲ့ရပါတယ်။ နောက်မှ မိသားစုကိုလည်း ရောဂါပိုးစစ်မယ်ဆိုပြီး ကွာရန်တင်းစင်တာကို တစ်ပတ်ပို့လိုက်ပေမယ့် စစ်ပေးမယ့်လူမရှိလို့ ပြန်လာခဲ့ရပါတယ်။

နောက်တစ်ခါ လင်မယားနှစ်ဦးရန်ဖြစ်ပြီး လက်လွန်သွားလို့ ခေါင်းကွဲသွားတာကို ဆေးရုံကိုလာပြတာ ဆေးရုံပိတ်ထားလို့ ဖွင့်တဲ့ဆေးရုံကို လိုက်ရှာတာ လမ်းမှာတင် သွေးထွက်လွန်ပြီး သေဆုံးသွားခဲ့ပါတယ်။ ဆေးရုံတွေမှာ ကလေးမီးဖွားပေးတာကို နေ့စဉ်လိုလို ပြုလုပ်ကြရပါတယ်။ ကလေးမီးဖွားရင် ပထမဆုံး ဆရာဝန် လိုအပ်သလို အဓိကက သူနာပြုဆရာမတွေဖြစ်ပါတယ်။ ပုဂ္ဂလိကဆေးရုံမှာ မီးဖွားရင် ငွေကျပ် ၇ သိန်း၊ ၈ သိန်းကုန်ပြီး ပြည်သူ့ဆေးရုံတွေမှာ အကုန်အကျမရှိပါဘူး။ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်ကြတော့ မီးဖွားကြတဲ့ မိခင်နဲ့ ကလေးတွေ ဒုက္ခရောက်ကြရပါတယ်။ ဖေဖော်ဝါရီလကုန်က မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးမှာ အကြောင်းအမျိုးမျိုးနဲ့ ကလေးအလောင်း ၁၂၆ လောင်းကို သင်္ဂြိုဟ်ဖို့ ပျက်ကွက်ပြီး CDM နဲ့ ရှောင်တိမ်းသွားသူ သတင်းကို စိတ်ပျက်ဖွယ်ကြားသိခဲ့ရပါတယ်။

## မိဘဖြစ်မှားတဲ့ CDM

ကင်ဆာဝေဒနာ ခံစားနေရသူ ကလေးငယ်တစ်ဦးနဲ့ ကလေးမိခင်တို့ ကင်ဆာဆေးသွင်းချိန် ဆေးရုံကြီးကိုသွားတဲ့အခါ သူနာပြုဆရာမတွေရှိလို့ လုပ်ဆောင်စရာများ လုပ်ဆောင်နိုင်ပေမယ့်လည်း ဆရာဝန်မရှိလို့ ဆေးမသွင်းရဘဲ ပြင်ပမှာ ငွေအများအပြား အကုန်အကျ ခံခဲ့ရတဲ့အဖြစ်ကိုလည်း ကြားသိရတယ်။ တိုက်နယ်ဆေးရုံတစ်ရုံမှာ မြွေကိုက်ခံရလို့လာပြတဲ့လူနာ ဆရာဝန်မရှိလို့ အသက်ဆုံးပါးသွားရတဲ့အဖြစ်ကိုလည်း စိတ်မကောင်းစွာ ကြားသိရပါတယ်။ နောက်တစ်ခုက ဆရာဝန်ညီအစ်ကိုနှစ်ယောက်က ဖခင်ဖြစ်တဲ့သူကို ကျေးဇူးကန်းတဲ့အဖြစ်က မြန်မာ့လူ့ဘောင်ယဉ်ကျေးမှုမှာ အမည်းစက်ကြီး အဖြစ်တွေ့ရပါတယ်။ ဖခင်က စစ်သားဖြစ်လို့ ဖခင်အဖြစ် အသိအမှတ်ပြုခြင်းကို တစ်သက်တာရပ်စဲလိုက်ပါသတဲ့။ ဆရာဝန်ဖြစ်အောင် စစ်သားကြီးက ချွေးနဲ့သွေးနဲ့ ပခုံးထမ်း မြေတောင်မြှောက်ပေးခဲ့တဲ့ ကျေးဇူးကိုမှ မထောက်ထားလို့ မိဘကိုဖြစ်မှားတဲ့ CDM လို့တောင် ဆိုရမလိုဖြစ်ပါတယ်။

အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော်တို့ လူ့ဘောင်လောကမှာ ယနေ့လက်တွေ့ ဖြစ်ပျက်နေတာတွေထဲက အချို့ဖြစ်ပါတယ်။ အခြား ကျွန်တော်မသိသေးတဲ့ အဖြစ်အပျက်တွေ၊ CDM ကြောင့် လူနာတွေရဲ့ ပေးဆပ်လိုက်ရတဲ့အသက်တွေ အများကြီးရှိပါတယ်။ အဲဒီ အဖြစ်အပျက်တွေကို ပုဂ္ဂလိကမီဒီယာ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့နိုင်ခဲ့ပါတယ်။ CDM ကိစ္စဟာ အစိုးရဆန့်ကျင်ရေး သီအိုရီတစ်ခု ဖြစ်ကောင်း ဖြစ်နိုင်ပေမယ့် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုးကင်းတယ်လို့ ဘယ်သူမှ အာမခံမထားပါဘူး။ အထူးသဖြင့် လူမှုစီးပွားနိမ့်ကျတဲ့နိုင်ငံမျိုးမှာ အစိုးရပြုတ်ကျရေးထက် ပြည်သူတွေအတွက် ဘေးထွက်ဆိုးကျိုး ကြီးမားလှပါတယ်။

## မှောင်မိုက်တဲ့ဘဝတွေ

နိုင်ငံတကာနဲ့ယှဉ်ရင် ကျန်းမာရေးအဆင့်အတန်း နိမ့်ကျနေသေးတဲ့ မြန်မာနိုင်ငံမှာ ဆရာဝန်တွေ၊ သူနာပြုတွေ CDM လုပ်တာဟာ ရောဂါဝေဒနာခံစားနေရတဲ့ပြည်သူတွေ သေတော့လို့လုပ်လိုက်သလို ဖြစ်စေပါတယ်။ CDM ရဲ့ အကျိုးရလဒ် ဘာမှန်းမသိလိုက်သေးတဲ့ အချိန်မှာ ရောဂါဝေဒနာရှင်တွေရဲ့ အသက်တွေဟာ ဆုံးရှုံးသွားခဲ့ပါပြီ။ ဆရာဝန်ကဲ့သို့ ပညာရှင်ဝန်ထမ်းတွေဟာ ပညာမာနနဲ့ ကိုယ့်အယူအဆနဲ့ကိုယ် ရှိသင့်ပါတယ်။ သီအိုရီသမားတွေရဲ့ စမ်းသပ်ကွင်းထဲကိုဝင်ပြီး ပြည်သူတွေခံစားနေကြရတဲ့ မှောင်မိုက်တဲ့ ဘဝတွေ အဆုံးသတ်စေချင်ပါပြီ။

"ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနလူပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး အစွမ်းကုန်စောင့်ရှောက်ပါအံ့" "ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့" "ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာ အစဉ်အလာကို ထိန်းသိမ်းပါအံ့" ဆိုတဲ့ ကျင့်ဝတ်တွေ ထွန်းကားပြီး ပြည်သူတွေ အသက်ရှင်သန်နိုင်ရေး ကွယ်ပျောက်နေတဲ့ မှောင်မိုက်တဲ့နေ့တွေ အမြန်ဆုံးကုန်ဆုံးပါစေ။ ။

# (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၅

(၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ Online စနစ် Virtual Conference ဖြင့် တစ်ပြိုင်တည်း ကျင်းပသည်။

နှီးနှောဖလှယ်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုနိုင်ငံများမှ ဆေးတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ထို့အပြင် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးသည် Internet မှတစ်ဆင့် Virtual Conference သို့ နေရာ ၁၄၈ နေရာမှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု (အရာရှိ)၊ သူနာပြု တက်ရောက်သူ စုစုပေါင်း ၆၆၈ ဦး တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ကိုကိုလွင်က အဖွင့်အမှာစကား ပြောကြားကာ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ပထမနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် “Healthcare Trends in a Pandemic: Myanmar Military Medical Practice”ကိုလည်းကောင်း၊ Major Symposium များအဖြစ် “Traumatic Brain Injury in Combat Casualty Care”၊ “Cardiovascular Disease in COVID-19 (Practical Approach)”၊ “Managing Non-COVID Respiratory Diseases in the Era of COVID-19”၊ “Challenges of COVID-19 Pandemic in Myanmar: Military Nursing Perspective”၊ “Tele Psychiatry in COVID-19 Pandemic”၊ “Role of Insulin Therapy in Management of Diabetes Mellitus”၊ “Immunological Role of Herbs in COVID-19” နှင့် Special Talk ၄ ခုတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် သုတေသနစာတမ်းများအဖြစ် ဆေးဝါးပညာ၊ သူနာပြုပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ ဓာတ်မှန်ပညာ စသည့်ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း စုစုပေါင်း ၁၄ စောင်ကို ပါဝင်ဖိတ်ကြား တင်သွင်းခဲ့ကြသည်။

အဆိုပါ (၂၈)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဧပြီ ၅ ရက်မှ ဧပြီ ၇ ရက်ထိ ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့တွင်း လမ်းပိတ်အတားအဆီးများ ဆက်လက်ရှင်းလင်းလျက်ရှိ

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့အတွင်း တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုသူများက အများပြည်သူသွားလမ်းများပေါ်တွင် လမ်းပိတ်အတားအဆီးများ ပြုလုပ်ထားခြင်းကြောင့် ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ယန္တရားများ၊ မြေသယ်ယာဉ်များ အသုံးပြုကာ ဖယ်ရှားရှင်းလင်း ဆောင်ရွက်လျက်ရှိသည်။ (ယာပုံ)

ထိုသို့ ရှင်းလင်းရာတွင် ယနေ့ နံနက်ပိုင်းက တာမွေမြို့နယ် ၁၆၄ လမ်း၊ ၁၆၅ လမ်းရှိ သဲအိတ်များ၊ ဝါးကပ်များ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပုဏ္ဏမီလမ်း၊ ပိတောက်လမ်း၊ ငုဝါလမ်းရှိ သဲအိတ်များ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရတနာပုံလမ်း၊ ကျွန်စစ်သားလမ်း၊ (၅၃)ရပ်ကွက်နှင့် (၇၂)ရပ်ကွက်ရှိ အတွင်းလမ်းများမှ ဝါးလုံးများ၊ ဝါးကပ်များ၊ သဲအိတ်များ၊ အင်းစိန်မြို့နယ် လမ်းသစ်လမ်း၊ မင်းကြီးလမ်း၊ တညင်းကုန်းလမ်းဆုံ၊ ရွှေပြည်သာတံတားလမ်းရှိ တာယာအဟောင်းများ၊ သာကေတမြို့နယ် ၄/မြောက်ရပ်ကွက်၊ ရွှေခင်းသာမြို့ပတ်လမ်း (မြို့မ (၁၄) လမ်းနှင့် (၁၆) လမ်းထိပ်)၊ (၉)ရပ်ကွက် ရတနာပုံလမ်းထိပ်၊ ၇/အရှေ့ရပ်ကွက် ရတနာပုံလမ်းထိပ်နှင့် အောင်သပြေလမ်းထိပ်၊ ၇/အနောက်ရပ်ကွက် မြေနီ (၁)လမ်းထိပ်၊ မြင်တော်သာလမ်း (မာန်ပြေ (၅) လမ်းထိပ်) ရှိ သဲအိတ်များ၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် ဓာတီကလမ်းထိပ်ရှိ သဲအိတ်များ၊ လှိုင်မြို့နယ် (၁)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၈)ရပ်ကွက် တို့ရှိ အတွင်းလမ်းများ၊ သံလမ်း၊ မယ်ဇီကုန်းလမ်းရှိ သဲအိတ်များ၊ ဝါးကပ်များ၊ တံခါးဟောင်းများအား ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ဖယ်ရှားရှင်းလင်းခဲ့ရာ ပြည်သူများ လွယ်ကူစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ရန်ကုန်မြို့တွင် ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ စည်ပင်သာယာဈေးများ၊ ကိုယ်ပိုင်ဈေးများ၊ Shopping Mall များ၊ ပလာဇာများ၊ အိမ်ဆိုင်များ၌ ဈေးရောင်းသူ၊ ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားလျက်ရှိရာ ဧပြီ ၅ ရက်က လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် Ocean Super Market တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ဈေးရောင်း၊ ဈေးဝယ်လျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်




○ ရှေ့ဖုံးမှ

ခရီးဆုံး ဇန်းမော်သို့ ပြေးဆွဲပေးခြင်းဖြစ်သည်။

မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ ပေါက်တန်းရေယာဉ်သည် ခရီးသည် ယနေ့ နံနက် ၆ နာရီတွင် ၁၈ ဦးနှင့် ကုန် ၁၁၄ တန်ကို တင်ဆောင်၍ ထွက်ခွာသွားပြီး လာမည့် ဧပြီ ၈ ရက် (ကြာသပတေးနေ့) တွင် ထွက်ခွာမည့်ရေယာဉ်ဖြင့် လိုက်ပါစီးနင်းလိုသော ခရီးသည်များနှင့် ကုန်တင်ပို့လိုသူများအနေဖြင့် ရေဝတီဌာနခွဲ ရုံးဖုန်း ၀၂-၄၀၃၆၀၃၅ နှင့် ဆိပ်ကမ်းမှူး ဖုန်း ၀၉-၄၄၄၆၅၃၁၃၁ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအုံကြွမှုများကို နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ ...

## ရွှေမွန်ထော်လေး

**R2P ဗီနိုင်းလေးကိုင်ပြီး လမ်းပေါ်တက်နေတဲ့ ၁၀ နှစ်အရွယ် မရှိတရှိ ကလေးတစ်စုရဲ့ပုံကို လူမှုမီဒီယာမှာ တွေ့မြင်ရသည်မှာ စိတ်မကောင်းဖွယ်။ နိုင်ငံရေးအသုံးအနှုန်းတွေ အော်အော်ဆိုပြီး လက်ကလေး သုံးချောင်းထောင်နေရတဲ့ ကလေးတွေအတွက် ရင်နင့်စရာ။ အကြမ်းဖက်ဆူပူတိုက်ခိုက်မှု ဖြစ်စဉ်တွေကြားမှာ ဘယ်သူ ဘယ်လို ပစ်လို့မှန်းမသိဘဲ ကလေးငယ်အချို့ သေဆုံးမှုရှိတယ်လို့သိရတဲ့အခါ ရင်ဖိုပြီး အမယ်လေးတမိပါတယ်။**

**“ဒီမိုကရေစီလမ်းကို ဒီလိုပုံစံမျိုးတွေနဲ့ လျှောက်ချင်တာလားလို့ အကြမ်းဖက်ဆူပူမှုတွေဖြစ်လာအောင် ဖန်တီးသူတွေ၊ လှုံ့ဆော်သူတွေကို ဆိုချင်ပါတယ်။ ဒီလို မတည်မငြိမ်၊ မအေးချမ်းတဲ့ နိုင်ငံရေး ဖြစ်စဉ်တွေကို ဒီမိုကရေစီကြိုးပမ်းမှုလို့ ခေါင်းစဉ်တပ်သူ နိုင်ငံရေးသမားတွေကိုလည်း ပြည်သူတွေဘက် တစ်ချက်ငဲ့ကြည့်စေချင်ပါတယ်။ နိုင်ငံရေးအတွက် အသုံးချတဲ့ သဘောဆောင်နေပါတယ်။ အကြမ်းဖက်မှုဆီသာ ဦးတည်ထားတဲ့ လုပ်ရပ်တွေထဲ ကလေးတွေပါလာစေတယ်။ လူငယ်တွေပါလာစေတယ်”**



ပဲခူးမြို့၌ အကြမ်းဖက်ဆူပူဆန္ဒပြသူများ၏ မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

ကလေးက နိုင်ငံရေးဆိုတာ ဘာလဲ သိမယ် မထင်ပါ။ ဒီကလေးတွေက R2P က ဘာဆိုတာ သိဖို့ ဝေလာဝေး၊ နိုင်ငံရေးဆိုတာ၊ ဒီမိုကရေစီဆိုတာ ဘာမှန်းတောင်မသိသေးတဲ့ အပြစ်ကင်းတဲ့ ကလေးငယ်တွေပါ။ နိုင်ငံရေးမှာ တိုက်ဆိုင်မှု မရှိဘူးလို့ ဆိုကြတဲ့အတွက် အခုကလေးငယ်တွေ သေဆုံးမှုဟာလည်း သွေးကွဲစေမယ့် နိုင်ငံရေး မှိုင်းလုံးတွေသာ။ ကလေးတွေကို အသုံးချရဲတဲ့ နိုင်ငံရေး မှိုင်းလုံးတွေကကြောက်စရာ။ အခုတော့ အပြစ်ကင်းတဲ့ ကလေးတွေပါ စတေးခံ နိုင်ငံရေးသားကောင် ဖြစ်နေပေပြီ။

### အကြမ်းဖက်မှုဆီသာ ဦးတည်

ဒီမိုကရေစီလမ်းကို ဒီလိုပုံစံမျိုးတွေနဲ့ လျှောက်ချင်တာလားလို့ အကြမ်းဖက်ဆူပူမှုတွေ ဖြစ်လာအောင် ဖန်တီးသူတွေ၊ လှုံ့ဆော်သူတွေကို ဆိုချင်ပါတယ်။ ဒီလို မတည်မငြိမ်၊ မအေးချမ်းတဲ့ နိုင်ငံရေး ဖြစ်စဉ်တွေကို ဒီမိုကရေစီကြိုးပမ်းမှုလို့ ခေါင်းစဉ်တပ်သူ နိုင်ငံရေးသမားတွေကိုလည်း ပြည်သူတွေဘက် တစ်ချက်ငဲ့ကြည့်စေချင်ပါတယ်။ နိုင်ငံရေး အတွက် အသုံးချတဲ့ သဘောဆောင်နေပါတယ်။ အကြမ်းဖက်မှုဆီသာ ဦးတည်ထားတဲ့ လုပ်ရပ်တွေထဲ ကလေးတွေ ပါလာစေတယ်။ လူငယ်တွေ ပါလာစေတယ်။

လူငယ်တွေဆိုလည်း ဆူဆူပူပူ အကြမ်းဖက်မှုတွေ ဖြစ်စေဖို့ ဦးဆောင်စေပြီး လမ်းပေါ်မှာ လူငယ်တွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ထိပ်တိုက်တွေ့မှုတွေကြောင့် သေဆုံးမှုတွေ ရှိလာတဲ့အခါမှ သေဆုံးသူ လူငယ်တွေကို သူရဲကောင်းလိုလို၊ အာဇာနည်လိုလို ကင်ပွန်းတပ်ခံရတဲ့ ဖြစ်ရပ်တွေက များလာခဲ့ပါပြီ။ ဒီလို နိုင်ငံရေးအောက်လုံးတွေကြောင့် ပြည်သူတွေပဲ ဒုက္ခရောက်ရတာဖြစ်ပါတယ်။

**“ဒီလိုလမ်းပေါ်မှာ ဒီမိုကရေစီနဲ့ မညီတာတွေလုပ်နေတဲ့ အကြမ်းဖက်အုပ်စုတွေဟာ နိုင်ငံတကာကို တရစပ်တောင်းဆိုနေတာက ဒီမိုကရေစီပင်။ ပြည်သူချင်းတောင် စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ရပ်အမျိုးမျိုးကို ဖန်တီးလုပ်ဆောင်နေပေမယ့် နိုင်ငံတကာကို ဖွင့်ဆိုတာကတော့ ဒီမိုကရေစီကြိုးပမ်းမှု၊ ဒီအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြနေတာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်နေပါတယ်လို့ လိုရာဆွဲပြီးတော့သာ ပုံဖော်ပြခဲ့ပါတယ်”**

ဖွဲ့စည်းပုံအခြေခံ ဥပဒေစာအုပ်တွေ မီးရှို့ကြ၊ ရုံးတက်တဲ့သူတွေကို သစ္စာဖောက်ဆိုကာ ဆဲကြဆိုကြ၊ ထဘီအလံလွှင့်ကြ၊ လမ်းတွေ ဖျက်ဆီးကြနဲ့၊ လမ်းတွေပေါ် အမှိုက်တွေ ပစ်ကြ၊ ဘဏ်တွေ မဖွင့်နိုင်အောင် ခြိမ်းခြောက်ကြနဲ့ နည်းလမ်းမျိုးစုံပင်။

### နည်းမျိုးစုံနဲ့ ခြိမ်းခြောက်အကျပ်ကိုင်

ဒါ့အပြင် CDM မလုပ်တဲ့သူတွေကို နည်းမျိုးစုံနဲ့ ခြိမ်းခြောက်အကျပ်ကိုင်၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် အရှက်ခွဲတာတွေအပြင် သံပုံးမတီးတဲ့ အကြောင်းအရာအပေါ် အခြေတည်ပြီးတော့ အကြမ်းဖက် သတ်ဖြတ်မှုတွေ၊ ဒလန်လို့ စွပ်စွဲပြီး အကြမ်းဖက်မှုတွေ ရှိလာခဲ့ပြီဖြစ်ပါတယ်။ ဒီလို မင်းမဲ့စရိုက်ဆန်ဆန် အပြုအမူတွေကို သပိတ်ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ဆက်လက်လုပ်ဆောင်နေကြဆဲ။

ဒီလို အခြေအနေတွေနဲ့ အေးအေးချမ်းချမ်း နေလိုတဲ့ ပြည်သူတွေ ဒုက္ခရောက်အောင် ကြံဆောင်နေသလိုပင်။ ဒီလို စည်းကမ်းမဲ့တဲ့ စရိုက်ဆန်ဆန် ပြုမူမှုကြောင့် အကျိုးရှိလာမယ့် ပြည်သူတွေရယ်လို့ ရှိမလာနိုင်ပါ။ စိတ်အနှောင့်အယှက်ဖြစ်မှုသာ အဖတ်တင်မှာ ဖြစ်ပါတယ်။

ဆူပူဆန္ဒပြမှုတွေ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေတဲ့ နေရာတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေမှာလည်း သတင်းပေး၊ ဒလန် စွပ်စွဲခံရမှာကို ကြောက်လို့ ကိုယ့်စိတ်ဆန္ဒမပါလည်း ဆန္ဒပြရာ လိုက်ပါရတာတွေ၊ ညကင်းအလှည့်ကျ စောင့်ရတာတွေနဲ့ စိုးတထိတ်ထိတ်နဲ့သာ။ ဆန္ဒပြရာလိုက်လို့ အဓိကရုဏ်းနှိမ်နင်းမှုနဲ့ ကြုံမှာစိုးတာ တစ်မျိုး၊ အိမ်ထဲနေတော့ ဒလန်ဆိုမှာစိုးတာတစ်ဖုံနဲ့ မအေးချမ်းရပါ။

အကြမ်းဖက်သူတွေရဲ့ ပုန်ကန်မှု ရည်ရွယ်ချက်ကတော့ အစိုးရယန္တရား ရပ်တန့်ရေးပင်။ ဒီအတွက် အကြောင်းအမျိုးမျိုးရှာ သွေးထိုးလှုံ့ဆော်မှုတွေက မရိုးရပါ။ အကျိုးဆက်ကတော့ ပြည်သူအချင်းချင်း ယုံကြည်မှု လျော့ရဲလာတဲ့ အခြေအနေရှိလာပါပြီ။ ယုံကြည်မှုနည်းလာတော့ မြို့၊ ရွာ၊ ရပ်ကွက်ထဲ အချင်းချင်း စနောက်စကားမဆိုရဲတဲ့ အခြေအနေ။ ကိုယ်စလိုက်တာက သွေးရိုးသားရိုး၊ ဒါပေမယ့် ဒလန်ထင်ပြီး ဒုက္ခရောက်မှာကြောက်လို့ ခင်မင်သူ အချင်းချင်းတောင် ဖွင့်ဟစကားမဆိုရဲတဲ့ အခြေအနေ။ ရပ်ထဲရွာထဲသာမက လူမှုကွန်ရက်ပေါ်မှာလည်း အုပ်စုခွဲမှုတွေရှိလာပါတယ်။ အမုန်းစကားပြောဆိုမှုတွေ ရှိလာပါတယ်။

ဒီလို အခြေအနေအမျိုးမျိုးကို ဖန်တီးကာ ပြည်သူတွေ စိတ်ဝမ်းကွဲပြီး နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင်၊ လုံခြုံရေး တပ်ဖွဲ့ဝင်တွေကို အမြင်မှား ထင်မြင်အောင်၊ နိုင်ငံ့ဝန်ထမ်းတွေ ပြည်သူကို ဝန်ဆောင်မှုမပေးနိုင်အောင် ရည်ရွယ်ပြီးတော့ အမျိုးမျိုးလုပ်ဆောင်ခဲ့တဲ့ သူတို့ရဲ့လုပ်ရပ်တွေကိုတော့ နိုင်ငံတကာ သိအောင် ဓာတ်စုံခင်းမပြကြ၊ စင်တင်မပြကြ။

ဒီလို လမ်းပေါ်မှာ ဒီမိုကရေစီနဲ့ မညီတာတွေ လုပ်နေတဲ့ အကြမ်းဖက်အုပ်စုတွေဟာ နိုင်ငံတကာကို တရစပ်တောင်းဆိုနေတာက ဒီမိုကရေစီပင်။ ပြည်သူချင်းတောင် စိတ်အနှောင့်အယှက် ဖြစ်စေတဲ့ လုပ်ရပ်အမျိုးမျိုးကို ဖန်တီးလုပ်ဆောင်နေပေမယ့် နိုင်ငံတကာကို ဖွင့်ဆိုတာကတော့ ဒီမိုကရေစီကြိုးပမ်းမှု၊ ဒီအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြနေတာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပစ်ခတ်နေပါတယ်လို့ လိုရာဆွဲပြီးတော့သာ ပုံဖော်ပြခဲ့ပါတယ်။

### အပြစ်မဲ့ချင်ယောင်ဆောင်

သေနတ်အစစ်တွေ၊ လေသေနတ်တွေ၊ လက်လုပ်သေနတ်တွေ၊ လက်လုပ်မိုင်းတွေ၊ ဂျင်ကလိတွေ၊ မီးပုလင်းတွေ၊ ဓား၊ လှံလက်နက်တွေနဲ့ စတင်ရန်ပြုတိုက်ခိုက်တာ၊ အပြစ်မဲ့ပြည်သူတွေကို ဒလန်၊ သတင်းပေးဆိုကာ ရန်ပြုတိုက်ခိုက်တာတွေ လုပ်ဆောင်ပြီး အပြစ်မဲ့ချင်ယောင်ဆောင်နေတာက အံ့ဩဖွယ်ရာ။

တစ်နည်းအနေနဲ့ ပြည်သူတွေကြားမှာ သတင်းမှားတွေပျံ့နှံ့အောင် လုပ်တဲ့သူကလုပ်။ စစ်ဖြစ်တော့မှာမို့ ဆန်၊ ဆီ၊ ဆား ဝယ်ထားဖို့ ဆိုသူကဆို၊ R2P ဝင်လာတော့မယ် ပြောသူကပြော၊ ဖက်ဒရယ် အာမီတပ်ကြီးလာတော့မယ်လို့ သတင်းပေးသူကပေးနဲ့ မရေရာတာတွေ၊ ယုတ္တိမတန်တာတွေနဲ့ ပြည်သူကို မှိုင်းတိုက်နေကြဆဲ။

ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံရဲ့ တည်ရှိမှုကို သိရှိစေလိုပါတယ်။ နိုင်ငံတစ်နိုင်ငံဆိုတာ အာဏာပိုင်အစိုးရ၊ နိုင်ငံသား၊ နယ်မြေပိုင်နက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်း ဥပဒေ၊ တပ်မတော် စတဲ့ ဝိသေသငါးရပ်ရှိပါတယ်။ ဒီလိုတည်ရှိနေတဲ့ နိုင်ငံကို ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်လို့မရပါ။ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးရာကို အလွယ်တကူ ဝင်စွက်ခွင့်မရှိပါ။ နိုင်ငံအချင်းချင်း စောင့်စည်းရမယ့် စည်းမျဉ်းတွေရှိပါတယ်။ ဒီလိုပဲ နိုင်ငံတိုင်းမှာ နိုင်ငံသားတွေ လိုက်နာစောင့်စည်းရမယ့် တာဝန်တွေလည်းရှိပြီးသားပါ။ ဒါတွေကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) မှာ ဖော်ပြထားပြီးသား ဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့

❑ ကျောဖုံးမှ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လတ်တလောတွင် စာရင်းပေးပို့ထားသော မြန်မာနိုင်ငံ အခြေစိုက် သံရုံး (၁၉) ရုံးမှ သံရုံးဝန်ထမ်းများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများမှ ဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိပြီး ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးပါက ဒုတိယအကြိမ် ကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ Completion certificate of COVID-19 Vaccination (ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးခြင်းမှတ်တမ်း) များကိုလည်း စနစ်တကျ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား COVID-19 ကာကွယ်ဆေး ထိုးနှံပေးစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

နေပြည်တော် မေ ၅

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၁၈၃၂၃ ဦး၊ အတွင်းလူနာ ၄၄၈၂ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၅၅၁၉ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၈၆၉ ဦး၊ စုစုပေါင်း ၈၃၈၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၂၉၁၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၅၃၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၇၄၅၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။



မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးစဉ်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မေ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများ နှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားပြီဖြစ်သည်။

မိုး/ဇလ

စာမျက်နှာ ၈ မှ

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းဆိုတာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း နိုင်ငံသားတွေ လိုက်နာစောင့်စည်းရမယ့် တာဝန်တွေကိုလည်း ကျော်လွန်လို့မရပါ။ ပြည်သူတွေ အချင်းချင်း မညီမညွတ်ဖြစ်အောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပျက်စီးအောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင် ဆူပူအုံကြွမှုတွေနဲ့ ပုန်ကန်မှုတွေ မဖြစ်ဖြစ်အောင် ဖန်တီးပြုလုပ်တာကိုတော့ ပစ်ပယ်ထားလို့ မရပါ၊ လျစ်လျူ ရှုလို့မရပါ။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ။

**“ဒီမိုကရေစီနိုင်ငံတစ်ခုမှာ ဆန္ဒထုတ်ဖော်ခြင်း၊ ဆန္ဒပြခြင်းဆိုတာ ပြည်သူတွေရဲ့ အခွင့်အရေးတစ်ရပ်ဖြစ်သော်လည်း နိုင်ငံသားတွေလိုက်နာစောင့်စည်းရမယ့် တာဝန်တွေကိုလည်း ကျော်လွန်လို့မရပါ။ ပြည်သူတွေအချင်းချင်း မညီမညွတ်ဖြစ်အောင်၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာ ပျက်စီးအောင်၊ နိုင်ငံအေးချမ်းမှုမရှိအောင် ဆူပူအုံကြွမှုတွေနဲ့ ပုန်ကန်မှုတွေမဖြစ်ဖြစ်အောင် ဖန်တီးပြုလုပ်တာကိုတော့ ပစ်ပယ်ထားလို့မရပါ၊ လျစ်လျူရှုလို့မရပါ။ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားရမည်သာ”**

လက်ရှိမှာလည်း တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးကို ဦးတည်ပြီး ဒုစရိုက်မှုကျူးလွန်သူတွေ၊ အကြမ်းဖက်သူတွေ၊ ဥပဒေချိုးဖောက်သူတွေကို ဖော်ထုတ်ဖမ်းဆီး အရေးယူမှုတွေ ရှိနေပါပြီ။ ထပ်ပြီးတော့လည်း နောက်ကွယ်က လှုံ့ဆော်ခဲ့သူတွေ၊ အားပေးခဲ့သူတွေ ဒီလိုသူတွေကိုလည်း ဖော်ထုတ်အရေးယူဖို့ သက်ဆိုင်ရာက ကြိုးပမ်းလျက်ရှိပါတယ်။

ပြည်သူတွေဘက်ကလည်း တစ်ဖက်သတ် မြောက်ပင့်သွေးထိုးမှုတွေ၊ နိုင်ငံရေးအောက်လုံးတွေကို သိရှိရှောင်ရှားနိုင်ဖို့၊ နိုင်ငံနဲ့ ပြည်သူ့အကျိုးအတွက် ဖယ်ရှားနိုင်ဖို့အတွက် အသိတရား၊ အရှိတရား လက်ကိုင်ထားရမှာ ဖြစ်ပါတယ်။ ဒီလိုပဲ ယနေ့ နိုင်ငံတော်ရဲ့အခြေအနေ၊ အဖြစ်မှန်က ဘယ်အရာ၊ လက်ရှိတာဝန်ယူတဲ့သူတွေက ဘာတွေလုပ်ပေးနေသလဲ၊ ဘယ်လိုတာဝန်ခံသလဲ ဆိုတာတွေကိုလည်းသိရှိအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါမှသာ ပကတိတရားကို အခြေခံထားတဲ့ အခြေအနေမှန်ကို သိရှိနိုင်မှာဖြစ်ပါတယ်။ ။

❒ ရှေ့ဖုံးမှ

## ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၁၀၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၉၉၈၀၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၉၅၈၄၊ ကျန်ရှိရမည့် အရေအတွက်မှာ ၃၀၂၂၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၁၀၆၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရရမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၉၅၈၅၀ | ၆၉၀၈၁ | ၂၆၇၆၉ | ၂၇၃၀၁ | ၁၂၀၅ | ၁၇၃၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၁၃ | ၅၀၃ | ၁၀ | ၁၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၄၄၂ | | ၃၄၄၂ | ၃၇၅၀ | | ၃၀၈ |
| | စုစုပေါင်း | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |

၆။ ဆိပ်ဖြူမြို့နယ်၊ ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စုရှိ မဲရုံပေါင်း ၁၀၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၂၀၅ ပျောက်ဆုံးနေပြီး ၁၇၃၇ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ဆန္ဒမဲလက်မှတ်ထုတ်ယူရရှိမှုမှာ ၅၁၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုမှုမှာ ၅၀၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၀ ဖြစ်ပြီး မြေပြင်လက်ကျန်တွင် ၁၀ ကျန်ရှိသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကျန်ရှိရမည့် မဲလက်မှတ်မှာ ၃၄၄၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၇၅၀ ရှိနေသဖြင့် မဲလက်မှတ် ၃၀၈ အပို တွေ့ရှိရသည်။

၇။ ဆိပ်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အနောက်ပိုင်းရပ်ကွက် | ၂ | ၃၂၀၀ | ၂၂၈၇ | ၉၁၃ | ၉၆၂ | | ၄၉ |
| ၂ | ရွာသစ်ရပ်ကွက် | ၁ | ၁၆၅၀ | ၁၂၄၀ | ၄၁၀ | ၄၁၀ | | |
| ၃ | ကိုးတောင့်ကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၃၂၆ | ၆၇၄ | ၈၂၈ | | ၁၅၄ |
| ၄ | ကမ္ဘားကြီးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၃၅ | ၂၆၅ | ၂၆၅ | | |
| ၅ | ချင်တောင်ကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၁၃၇ | ၁၀၆၃ | ၁၂၀၃ | | ၁၄၀ |
| ၆ | မြင်ကပကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၀၅၉ | ၁၀၉၁ | ၁၀၅၁ | ၄၀ | |
| ၇ | တဲကြီးကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၁၅၆ | ၆၉၄ | ၆၉၄ | | |
| ၈ | မြေကြမ်းတောကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၅၇ | ၄၄၃ | ၂၄၃ | ၂၀၀ | |
| ၉ | ထိန်ကန်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၈၀ | ၄၇၀ | ၄၇၀ | | |
| ၁၀ | ငွေးပင်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၇၇ | ၅၂၃ | ၅၂၃ | | |
| ၁၁ | မကျီးကုန်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၅၆ | ၁၉၄ | ၁၉၄ | | |
| ၁၂ | ရွာသာအေးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၅၁ | ၄၉၉ | ၄၉၉ | | |
| ၁၃ | ကဇွန်းမကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၀၁၇ | ၇၈၃ | ၇၈၇ | | ၄ |
| ၁၄ | ကျွန်းတောကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၈၅ | ၄၁၅ | ၄၁၅ | | |
| ၁၅ | ကုန်းရွာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၁၂ | ၅၃၈ | ၅၃၈ | | |
| ၁၆ | ကျောင်းရွာကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၀၉၁ | ၇၅၉ | ၈၆၀ | | ၁၀၁ |
| ၁၇ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၇၈၀ | ၇၇၀ | ၇၇၀ | | |
| ၁၈ | ငှက်ကွေးကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၃၄၆ | ၅၀၄ | ၅၇၉ | | ၇၅ |
| ၁၉ | ရှောက်ပင်အင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၈၉၄ | ၂၅၆ | ၂၅၆ | | |
| ၂၀ | ငှက်ပြာကြီးကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၂၅၂၀ | ၃၈၀ | ၃၈၀ | | |
| ၂၁ | ကော်တုံကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၆၈ | ၅၃၂ | ၅၃၂ | | |
| ၂၂ | ကျွန်းချောင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၂၄ | ၄၇၆ | ၄၇၆ | | |
| ၂၃ | ရှားလှကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၅၄၄ | ၅၅၆ | ၆၀၆ | | ၅၀ |
| ၂၄ | ညောင်နီချောင်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၂၅ | ၄၂၅ | ၄၂၅ | | |
| ၂၅ | ရွာသစ်ကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၄၉ | ၄၀၁ | ၄၀၁ | | |
| ၂၆ | ယောဝရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၀၃ | ၄၉၇ | ၄၉၇ | | |
| ၂၇ | အလယ်ပိုင်းရပ်ကွက် | ၁ | ၁၅၅၀ | ၉၂၃ | ၆၂၇ | ၃၂၇ | ၃၀၀ | |
| ၂၈ | ချောင်းမကြီးကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၈၀၈ | ၆၄၂ | ၁၀၂၄ | | ၃၈၂ |
| ၂၉ | ပင်းတလဲကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၁၁၅၈ | ၉၂ | ၉၆ | | ၄ |
| ၃၀ | ဒေါသာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၉၇ | ၄၀၃ | ၂၁၄ | ၁၈၉ | |
| ၃၁ | ပေတောကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၃၇၈ | ၁၇၂ | ၃၂၂ | | ၁၅၀ |
| ၃၂ | အနောက်ကံတွင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၈၆ | ၃၁၄ | ၂၁၄ | ၁၀၀ | |
| ၃၃ | ရေပုတ်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၃၅ | ၂၆၅ | ၂၆၅ | | |
| ၃၄ | အရှေ့ကံတွင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၈၆ | ၆၁၄ | ၅၇၈ | ၃၆ | |
| ၃၅ | လက်ဆည်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၆၁ | ၅၃၉ | ၅၅၄ | | ၁၅ |
| ၃၆ | တက်မကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၀၀ | ၇၀၀ | ၇၀၀ | | |
| ၃၇ | ဆိုက်ခမ်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၁၂ | ၃၈၈ | ၃၈၈ | | |
| ၃၈ | ရွာမကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၆၀၄ | ၄၄၆ | ၄၄၆ | | |
| ၃၉ | ရှားပင်အိုင့်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၉၄ | ၅၅၆ | ၅၆၆ | | ၁၀ |
| ၄၀ | ကျားဘောကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၆၂ | ၅၈၈ | ၅၈၈ | | |
| ၄၁ | ထမ္မကောက်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၉၃ | ၇၅၇ | ၇၅၇ | | |
| ၄၂ | အင်းကန်ကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၇၆၆ | ၅၃၄ | ၈၃၃ | | ၂၉၉ |
| ၄၃ | ကျောက်ကြီးကျေးရွာအုပ်စု | ၅ | ၅၄၀၀ | ၃၉၂၀ | ၁၄၈၀ | ၁၄၈၀ | | |
| ၄၄ | ကင်မွန်းတောင့်ကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၅၆၈ | ၁၀၈၂ | ၁၀၈၂ | | |
| ၄၅ | အနောက်ကမ်းမြှုကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၉၂၃ | ၅၇၇ | ၈၈၁ | | ၃၀၄ |
| ၄၆ | ကူရှည်ကျေးရွာအုပ်စု | ၃ | ၄၁၅၀ | ၂၆၈၈ | ၁၄၆၂ | ၁၁၂၂ | ၃၄၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၁၀၃ | ၉၅၈၅၀ | ၆၉၀၈၁ | ၂၆၇၆၉ | ၂၇၃၀၁ | ၁၂၀၅ | ၁၇၃၇ |
| | မြို့နယ်ကြိုတင်မဲ | | ၅၁၃ | ၅၀၃ | ၁၀ | ၁၀ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၃၄၄၂ | | ၃၄၄၂ | ၃၇၅၀ | | ၃၀၈ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၀၃ | ၉၉၈၀၅ | ၆၉၅၈၄ | ၃၀၂၂၁ | ၃၁၀၆၁ | ၁၂၀၅ | ၂၀၄၅ |

## ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၁ အုပ်စု၊ မဲရုံပေါင်း ၂၁၃ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၇၂၂၄၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၄၂၁၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၈၀၃၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၄၈၂၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကျောင်းကုန်းကျေးရွာအုပ်စု မဲရုံအမှတ် (၁) မဲရုံ၌ပေးသော မဲလက်မှတ်စာအုပ် ၁ အုပ်တွင် အသုံးပြုထားသည့် မဲလက်မှတ်ဖြတ်ပိုင်း လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအုပ်စုအမည်များ ထည့်သွင်းရေးသားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၆၀၀၀ | ၁၁၃၇၁၅ | ၅၂၂၈၅ | ၄၉၀၇၃ | ၃၅၆၇ | ၃၅၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၉၅ | ၄၉၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၇၅၁ | | ၅၇၅၁ | ၅၇၅၁ | | |
| | စုစုပေါင်း | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |

၉။ ပေါက်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၁ အုပ်စု၊ မဲရုံပေါင်း ၂၁၃ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၅၆၇ ပျောက်ဆုံးနေပြီး ၃၅၅ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ် ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၄၉၅ ဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၅၇၅၁ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၅၇၅၁ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

၁၀။ ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အောင်တံခွန်ရပ်ကွက် | ၂ | ၂၇၀၀ | ၁၉၅၃ | ၇၄၇ | ၆၄၇ | ၁၀၀ | |
| ၂ | အောင်တော်မူရပ်ကွက် | ၁ | ၁၅၀၀ | ၁၀၇၉ | ၄၂၁ | ၄၂၁ | | |
| ၃ | အောင်ချမ်းသာရပ်ကွက် | ၁ | ၁၄၀၀ | ၁၃၀၇ | ၉၃ | ၁၀၃ | | ၁၀ |
| ၄ | ရွှေပေါက်ပင်ရပ်ကွက် | ၁ | ၁၃၅၀ | ၉၆၂ | ၃၈၈ | ၃၇၈ | ၁၀ | |
| ၅ | ထန်းတပင်ကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၆၅၃ | ၆၉၇ | ၆၉၇ | | |
| ၆ | အိုင့်ကိုင်းကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၇၇၄ | ၇၇၆ | ၇၁၄ | ၆၂ | |
| ၇ | သံပုရာအိုင့်ကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၂၁၇၃ | ၇၇၇ | ၇၇၇ | | |
| ၈ | ဘုရားတောင်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၂၃ | ၄၇၇ | ၅၀၄ | | ၂၇ |
| ၉ | ဒီးဒုတ်ကွင်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၅၇၃ | ၄၇၇ | ၅၂၇ | | ၅၀ |
| ၁၀ | ဘိုးဖြူလုံးကန်ကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၉၇၂ | ၇၂၈ | ၆၇၈ | ၅၀ | |
| ၁၁ | ခင်ရှည်ကျေးရွာအုပ်စု | ၅ | ၂၆၅၀ | ၁၉၂၅ | ၇၂၅ | ၇၅၉ | | ၃၄ |
| ၁၂ | တယ်ပင်ကန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၂ | ၁၂၈ | ၁၂၈ | | |
| ၁၃ | တောင်မြင့်ကျေးရွာအုပ်စု | ၄ | ၄၁၅၀ | ၃၁၂၂ | ၁၀၂၈ | ၈၇၈ | ၁၅၀ | |
| ၁၄ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၁၇ | ၁၃၃ | ၁၃၃ | | |
| ၁၅ | တဲတော်ယာကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၈၈၂ | ၈၁၈ | ၇၆၇ | ၅၁ | |
| ၁၆ | ချောင်းနားကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၂၆ | ၅၂၄ | ၅၄၄ | | ၂၀ |
| ၁၇ | ကိုင်းလယ်ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၁၈၀၂ | ၁၀၄၈ | ၈၉၈ | ၁၅၀ | |
| ၁၈ | တပ်ကုန်းကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၃၃ | ၇၁၇ | ၇၄၇ | | ၃၀ |
| ၁၉ | တောင်ဘက်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၂၃၈ | ၇၁၂ | ၅၆၂ | ၁၅၀ | |
| ၂၀ | ကင်းဆုတ်ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၈၈ | ၁၆၂ | ၁၆၂ | | |
| ၂၁ | ကင်းမကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၃၁ | ၅၁၉ | ၅၃၉ | | ၂၀ |
| ၂၂ | တောင်ချိုကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၉၃ | ၁၀၇ | ၁၀၇ | | |
| ၂၃ | တစူးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၂၇၃ | ၈၂၇ | ၇၅၅ | ၇၂ | |
| ၂၄ | သဏ္ဍာယ်ကျင်းကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၁၀၀၀ | ၇၀၀ | ၇၀၀ | | |
| ၂၅ | အင်းတောကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၆၂ | ၃၈၈ | ၃၃၈ | ၅၀ | |
| ၂၆ | သပွတ်စုကျေးရွာအုပ်စု | ၄ | ၂၉၅၀ | ၁၉၅၉ | ၉၉၁ | ၈၄၁ | ၁၅၀ | |
| ၂၇ | လယ်လန်းကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၁၈၀ | ၇၇၀ | ၈၃၀ | | ၆၀ |
| ၂၈ | ကျောက်ကာကျေးရွာအုပ်စု | ၅ | ၄၀၀၀ | ၂၄၅၂ | ၁၅၄၈ | ၁၂၆၁ | ၂၈၇ | |
| ၂၉ | ဝန်ချိုးကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၇၀၁ | ၇၉၉ | ၈၂၉ | | ၃၀ |
| ၃၀ | ဝွေးဂုံကျေးရွာအုပ်စု | ၅ | ၃၀၀၀ | ၂၀၉၁ | ၉၀၉ | ၉၀၉ | | |
| ၃၁ | ဝက်ပုတ် (သန်းတောအိုင့်) အုပ်စု | ၁ | ၃၅၀ | ၂၅၀ | ၁၀၀ | ၁၀၀ | | |
| ၃၂ | စသိန်းကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၂၀၈ | ၉၉၂ | ၉၉၂ | | |
| ၃၃ | ခတ်တော်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၂၂ | ၄၂၈ | ၂၇၈ | ၁၅၀ | |
| ၃၄ | ဝန်တင်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၁၃ | ၄၈၇ | ၄၈၇ | | |
| ၃၅ | အိုင့်မကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၇၀ | ၂၃၀ | ၁၃၀ | ၁၀၀ | |
| ၃၆ | မြောက်ဘက်ကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၂၅၈၅ | ၇၆၅ | ၇၆၅ | | |
| ၃၇ | လင်တောင်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၆၄ | ၂၃၆ | ၂၃၆ | | |
| ၃၈ | မျှားပိုင်းကျေးရွာအုပ်စု | ၆ | ၄၈၀၀ | ၃၂၀၅ | ၁၅၉၅ | ၁၄၆၇ | ၁၂၈ | |
| ၃၉ | ပလောင်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၉၆ | ၅၀၄ | ၅၀၄ | | |
| ၄၀ | ချောင်းကူးကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၆၉ | ၉၈၁ | ၉၃၁ | ၅၀ | |
| ၄၁ | ရေဖြူကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၅၆ | ၉၄ | ၉၄ | | |
| ၄၂ | ဆပန်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၅၃၂ | ၇၁၈ | ၇၁၈ | | |
| ၄၃ | ကူးကားကျေးရွာအုပ်စု | ၇ | ၄၁၅၀ | ၂၅၄၀ | ၁၆၁၀ | ၁၃၇၀ | ၂၄၀ | |
| ၄၄ | ဇီးပြားကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၃၀ | ၈၇၀ | ၇၂၀ | ၁၅၀ | |
| ၄၅ | ဓောင်းယားပင်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၃၇ | ၄၁၃ | ၃၆၃ | ၅၀ | |
| ၄၆ | လယ်အိုကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၇၇ | ၂၇၃ | ၂၇၃ | | |
| ၄၇ | သရက်ကန်ကျေးရွာအုပ်စု | ၄ | ၃၈၀၀ | ၂၇၇၂ | ၁၀၂၈ | ၈၈၈ | ၁၄၀ | |
| ၄၈ | ကျောက်တိုင်ခင်ကျေးရွာအုပ်စု | ၆ | ၅၄၀၀ | ၃၈၃၈ | ၁၅၆၂ | ၁၄၃၇ | ၁၂၅ | |
| ၄၉ | ကျောက်မဆင်ကျေးရွာအုပ်စု | ၃ | ၁၂၀၀ | ၈၅၀ | ၃၅၀ | ၃၅၀ | | |
| ၅၀ | ခေါင်းပေါင်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၂၄ | ၃၂၆ | ၃၂၆ | | |
| ၅၁ | ထန်းတောကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၈၆ | ၁၆၄ | ၁၆၄ | | |
| ၅၂ | ကျောသာကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၂ | ၁၀၈ | ၁၀၈ | | |
| ၅၃ | ကပိုင်(တောင်)ကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၂၀၂၀ | ၅၃၀ | ၄၈၀ | ၅၀ | |
| ၅၄ | သမားတော်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၉၅၀ | ၆၀၀ | ၆၀၀ | | |
| ၅၅ | ရေပြာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၄၇ | ၆၀၃ | ၆၀၃ | | |
| ၅၆ | ဆယ်ပင်ကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၄၈၅ | ၉၆၅ | ၉၉၅ | | ၃၀ |
| ၅၇ | ငမိုးကြီးကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၃၉၄ | ၃၀၆ | ၃၀၆ | | |
| ၅၈ | ကုက္ကိုစုကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၃၇၅ | ၁၂၂၅ | ၁၂၂၅ | | |
| ၅၉ | ပျဉ်းချောင်းကျေးရွာအုပ်စု | ၅ | ၃၅၀၀ | ၂၂၇၁ | ၁၂၂၉ | ၁၂၂၉ | | |
| ၆၀ | နတ်ဦးယာဉ်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၄၉ | ၃၅၁ | ၃၅၁ | | |
| ၆၁ | ဆူးလေကုန်းကျေးရွာအုပ်စု | ၅ | ၂၉၀၀ | ၁၈၈၀ | ၁၀၂၀ | ၉၂၀ | ၁၀၀ | |
| ၆၂ | ညောင်ဝင်းကျေးရွာအုပ်စု | ၅ | ၂၉၅၀ | ၁၉၂၅ | ၁၀၂၅ | ၁၀၁၆ | ၉ | |
| ၆၃ | ကျွန်းရင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၁၃၇ | ၈၆၃ | ၆၉၃ | ၁၇၀ | |
| ၆၄ | ကျောင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၇၅ | ၅၇၅ | ၅၇၅ | | |
| ၆၅ | တုတ်စုကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၈၆ | ၃၁၄ | ၃၁၄ | | |
| ၆၆ | နံ့သာကျေးရွာအုပ်စု | ၉ | ၈၃၅၀ | ၅၆၇၅ | ၂၆၇၅ | ၂၇၁၉ | | ၄၄ |
| ၆၇ | ညောင်ဝင်းပေါက်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၁၉၄ | ၅၅၆ | ၂၅၆ | ၃၀၀ | |
| ၆၈ | မြို့ခင်းသာကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၅၄ | ၁၄၆ | ၁၄၆ | | |
| ၆၉ | ချိုင်ခေါက်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၅၉ | ၅၉၁ | ၅၉၁ | | |
| ၇၀ | စဖဲကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၆၄၃ | ၁၀၀၇ | ၉၃၄ | ၇၃ | |
| ၇၁ | ကပျိုကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၂၅၃၅ | ၁၄၁၅ | ၁၄၁၅ | | |
| ၇၂ | တင်ငုတ်ပြင်ကျေးရွာအုပ်စု | ၅ | ၄၁၅၀ | ၂၆၂၆ | ၁၅၂၄ | ၁၂၇၄ | ၂၅၀ | |
| ၇၃ | အင်းတိမ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၉၉ | ၂၅၁ | ၅၁ | ၂၀၀ | |
| ၇၄ | သနပ္ပင်ဇင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၂၉၂ | ၂၀၈ | ၂၀၈ | | |
| ၇၅ | ကမ္မားဖြူကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၀၆၂ | ၁၃၃၈ | ၁၃၃၈ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၁၃ | ၁၆၆၀၀၀ | ၁၁၃၇၁၅ | ၅၂၂၈၅ | ၄၉၀၇၃ | ၃၅၆၇ | ၃၅၅ |
| | မြို့နယ်ကြိုတင်မဲ | | ၄၉၅ | ၄၉၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၇၅၁ | | ၅၇၅၁ | ၅၇၅၁ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၁၃ | ၁၇၂၂၄၆ | ၁၁၄၂၁၀ | ၅၈၀၃၆ | ၅၄၈၂၄ | ၃၅၆၇ | ၃၅၅ |

## တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၂ အုပ်စု၊ မဲရုံပေါင်း ၂၈၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲ လက်မှတ်အရေအတွက်မှာ ၂၄၇၄၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၉၆၁၂၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၇၈၇၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၀၇၅၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်လိုအပ်ချက်စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၄၄၉၀၀ | ၁၅၈၄၄၂ | ၈၆၄၅၈ | ၇၉၃၄၁ | ၇၁၁၇ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၃၈၃ | ၁၁၇၀ | ၁၂၁၃ | ၁၂၁၃ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၀၀ | | ၂၀၀ | ၂၀၀ | | |
| စုစုပေါင်း | | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |

၁၂။ တောင်တွင်းကြီးမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၈၂ အုပ်စုရှိ မဲရုံပေါင်း ၂၈၄ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၇၁၁၇ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် လက်ကျန် ဆန္ဒမဲလက်မှတ်အရေအတွက် ၂၀၀ ကျန်ရှိပါသည်။

၁၃။ တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တောင်ပြင်(၁)ရပ်ကွက် | ၂ | ၃၈၅၀ | ၂၅၅၉ | ၁၂၉၁ | ၄၉၁ | ၈၀၀ | |
| ၂ | တောင်ပြင်(၂)ရပ်ကွက် | ၂ | ၃၂၅၀ | ၂၄၇၄ | ၇၇၆ | ၇၇၆ | | |
| ၃ | မောင်းတိုင်(၁)ရပ်ကွက် | ၂ | ၂၄၅၀ | ၁၆၅၂ | ၇၉၈ | ၇၉၈ | | |
| ၄ | မောင်းတိုင်(၂)ရပ်ကွက် | ၄ | ၆၈၀၀ | ၄၉၆၄ | ၁၈၃၆ | ၁၈၃၆ | | |
| ၅ | ရွှေအိုး(၁)ရပ်ကွက် | ၅ | ၅၃၅၀ | ၃၃၄၈ | ၂၀၀၂ | ၂၀၀၂ | | |
| ၆ | ရွှေအိုး(၂)ရပ်ကွက် | ၃ | ၄၇၀၀ | ၂၇၁၇ | ၁၉၈၃ | ၁၄၈၃ | ၅၀၀ | |
| ၇ | ရွှေကြာအင်း(၁)ရပ်ကွက် | ၂ | ၄၃၅၀ | ၂၄၂၁ | ၁၉၂၉ | ၁၆၈၃ | ၂၄၆ | |
| ၈ | ရွှေကြာအင်း(၂)ရပ်ကွက် | ၁ | ၁၆၅၀ | ၁၁၄၈ | ၅၀၂ | ၅၀၂ | | |
| ၉ | အုန်းတော(၁)ရပ်ကွက် | ၂ | ၄၅၅၀ | ၃၀၂၇ | ၁၅၂၃ | ၁၂၇၅ | ၂၄၈ | |
| ၁၀ | အုန်းတော(၂)ရပ်ကွက် | ၂ | ၃၈၅၀ | ၂၈၀၉ | ၁၀၄၁ | ၁၀၄၁ | | |
| ၁၁ | ရေဦးကျေးရွာအုပ်စု | ၆ | ၃၄၅၀ | ၂၂၂၉ | ၁၂၂၁ | ၁၂၂၁ | | |
| ၁၂ | တရုပ်ကောကျေးရွာအုပ်စု | ၅ | ၃၆၀၀ | ၂၃၂၄ | ၁၂၇၆ | ၁၀၀၅ | ၂၇၁ | |
| ၁၃ | ဟင်္ဂရော်ကျေးရွာအုပ်စု | ၅ | ၄၃၀၀ | ၂၆၇၆ | ၁၆၂၄ | ၁၅၇၄ | ၅၀ | |
| ၁၄ | ဝါးခြမ်းကာကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၅၄ | ၃၉၆ | ၃၉၆ | | |
| ၁၅ | ကုက္ကိုခွကျေးရွာအုပ်စု | ၃ | ၂၆၅၀ | ၁၇၂၆ | ၉၂၄ | ၉၂၄ | | |
| ၁၆ | ပျားတုကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၃၈ | ၄၁၂ | ၄၁၂ | | |
| ၁၇ | ညောင်ကုန်းကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၈၉၆ | ၅၀၄ | ၄၈၄ | ၂၀ | |
| ၁၈ | အင်းရွာကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၅၆ | ၁၉၄ | ၁၉၄ | | |
| ၁၉ | အုန်နဲ့တန်းကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၈၁၇ | ၄၈၃ | ၄၈၃ | | |
| ၂၀ | လက်ပံရှည်ကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၂၉ | ၆၂၁ | ၆၂၁ | | |
| ၂၁ | ရှမ်းကိုင်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၂၃၇ | ၇၆၃ | ၇၂၃ | ၄၀ | |
| ၂၂ | ခင်တဲကျေးရွာအုပ်စု | ၅ | ၄၀၀၀ | ၂၃၆၉ | ၁၆၃၁ | ၁၂၈၅ | ၃၄၆ | |
| ၂၃ | ပန်းသွင်းလေးကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၃၁၄ | ၅၈၆ | ၅၈၆ | | |
| ၂၄ | ပန်းသွင်းကြီးကျေးရွာအုပ်စု | ၄ | ၄၂၀၀ | ၂၇၇၈ | ၁၄၂၂ | ၁၄၂၂ | | |
| ၂၅ | လက်ပန်ဘုကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၉၁ | ၄၀၉ | ၄၀၉ | | |
| ၂၆ | အောင်းစုကျေးရွာအုပ်စု | ၈ | ၆၀၅၀ | ၃၆၂၉ | ၂၄၂၁ | ၂၄၂၁ | | |
| ၂၇ | ငမင်ကျေးရွာအုပ်စု | ၉ | ၅၂၅၀ | ၂၉၅၁ | ၂၂၉၉ | ၂၀၉၉ | ၂၀၀ | |
| ၂၈ | သစ်ရာကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၆၇ | ၅၈၃ | ၅၈၁ | ၂ | |
| ၂၉ | ပွင့်လှကြီးကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၇၁၉ | ၅၈၁ | ၅၈၁ | | |
| ၃၀ | သီလကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၈ | ၁၉၂ | ၁၉၂ | | |
| ၃၁ | ညောင်ပင်လှကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၉၉၅ | ၁၂၀၅ | ၁၁၀၉ | ၉၆ | |
| ၃၂ | ဘိုကုန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၁၄၄ | ၅၀၆ | ၄၅၆ | ၅၀ | |
| ၃၃ | အင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၅၂ | ၈၉၈ | ၈၉၈ | | |
| ၃၄ | စီးတောကျေးရွာအုပ်စု | ၆ | ၆၈၀၀ | ၄၄၁၅ | ၂၃၈၅ | ၂၃၃၅ | ၅၀ | |
| ၃၅ | ပေါက်ကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၄၀ | ၂၆၀ | ၂၆၀ | | |
| ၃၆ | ဆတ်သွားကျေးရွာအုပ်စု | ၅ | ၆၄၀၀ | ၄၄၂၅ | ၁၉၇၅ | ၁၉၁၉ | ၅၆ | |
| ၃၇ | ကျန်စုကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၈၈၄ | ၇၁၆ | ၇၁၆ | | |
| ၃၈ | ပြည့်ညင်ကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၁၀၂၅ | ၆၂၅ | ၆၂၅ | | |
| ၃၉ | ကံပေးကြီးကျေးရွာအုပ်စု | ၆ | ၃၄၀၀ | ၂၂၆၆ | ၁၁၃၄ | ၁၁၃၄ | | |
| ၄၀ | ကင်ပွန်းတောင်ကျေးရွာအုပ်စု | ၇ | ၇၄၀၀ | ၄၄၄၄ | ၂၉၅၆ | ၁၈၄၈ | ၁၁၀၈ | |
| ၄၁ | ဆီမီးထွန်းကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၀၃၈ | ၈၆၂ | ၈၆၂ | | |
| ၄၂ | ပင်တိုင်ကျေးရွာအုပ်စု | ၄ | ၄၄၅၀ | ၂၉၅၅ | ၁၄၉၅ | ၁၂၄၃ | ၂၅၂ | |
| ၄၃ | ချောင်းနက်ကျေးရွာအုပ်စု | ၈ | ၇၀၅၀ | ၄၆၆၇ | ၂၃၈၃ | ၂၁၃၅ | ၂၄၈ | |
| ၄၄ | ကံလှကန်ကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၂၁၀၅ | ၁၁၄၅ | ၁၀၄၁ | ၁၀၄ | |
| ၄၅ | ပန်းတောငယ်ကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၁၈၉၄ | ၈၀၆ | ၇၅၈ | ၄၈ | |
| ၄၆ | ကျခတ်ကန်ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၆၂ | ၃၈၈ | ၃၃၈ | ၅၀ | |
| ၄၇ | ကျွဲကန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၁၆ | ၁၈၄ | ၁၈၄ | | |
| ၄၈ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၄၈၉ | ၇၁၁ | ၇၁၁ | | |
| ၄၉ | ရေဝေကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၁၉၈၆ | ၁၄၆၄ | ၈၆၄ | ၆၀၀ | |
| ၅၀ | ကိုးပင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၂၉၁ | ၆၀၉ | ၆၀၉ | | |
| ၅၁ | ယာကြီးတောကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၄၇၅ | ၈၂၅ | ၈၂၅ | | |
| ၅၂ | လှည်းပွဲကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၂၅ | ၅၂၅ | ၃၂၅ | ၂၀၀ | |
| ၅၃ | ဆူးကောက်ကြီးကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၈၂၄ | ၈၇၆ | ၈၂၆ | ၅၀ | |
| ၅၄ | ညာဂမိုးကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၂၆၀၇ | ၁၃၉၃ | ၁၁၉၃ | ၂၀၀ | |
| ၅၅ | မိအူအောင်းကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၀၅၅ | ၄၉၅ | ၄၉၅ | | |
| ၅၆ | သစ်ပုတ်ကုန်းကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၆၃ | ၂၈၇ | ၁၈၇ | ၁၀၀ | |
| ၅၇ | တည်တော(၁)ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၀၃ | ၅၄၇ | ၄၉၇ | ၅၀ | |
| ၅၈ | တည်တော(၂)ကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၅၁၆ | ၆၈၄ | ၆၈၄ | | |
| ၅၉ | ဝက္ကသေးကျေးရွာအုပ်စု | ၄ | ၃၇၀၀ | ၂၄၄၀ | ၁၂၆၀ | ၁၁၉၀ | ၇၀ | |
| ၆၀ | သီရိမင်္ဂလာကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၂၁ | ၁၇၉ | ၁၇၉ | | |
| ၆၁ | ကုက္ကိုကုန်းကျေးရွာအုပ်စု | ၅ | ၆၇၅၀ | ၄၃၃၆ | ၂၄၁၄ | ၂၁၂၂ | ၂၉၂ | |
| ၆၂ | တိုက်ပွဲကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၁၉၃ | ၈၅၇ | ၈၅၇ | | |
| ၆၃ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၆ | ၅၃၀၀ | ၃၃၀၈ | ၁၉၉၂ | ၁၇၈၈ | ၂၀၄ | |
| ၆၄ | လယ်သာ(၁)ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၁၉၈၉ | ၁၁၆၁ | ၁၁၆၁ | | |
| ၆၅ | လယ်သာ(၂)ကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၂၁၇၀ | ၁၂၈၀ | ၁၂၈၀ | | |
| ၆၆ | စစ်တားကျေးရွာအုပ်စု | ၇ | ၄၁၀၀ | ၂၈၂၅ | ၁၂၇၅ | ၁၂၇၅ | | |
| ၆၇ | ပေပင်ယားကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၇၈ | ၆၂၂ | ၆၂၂ | | |
| ၆၈ | ရေတွင်းကောင်းကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၆၆ | ၅၃၄ | ၅၃၄ | | |
| ၆၉ | လက်တက်ကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၄၈ | ၈၀၂ | ၈၀၂ | | |
| ၇၀ | ညာတောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၂၂၈ | ၇၂၂ | ၆၄၉ | ၇၃ | |
| ၇၁ | ကန်သာကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၅၇၀ | ၇၈၀ | ၇၇၈ | ၂ | |
| ၇၂ | ကြက်လျှာကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၃၇၆ | ၈၂၄ | ၈၂၄ | | |
| ၇၃ | မှုတ်ရှည်ကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၂၆၀ | ၆၉၀ | ၆၈၉ | ၁ | |
| ၇၄ | လိပ်တိုက်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၉ | ၄၄၁ | ၄၄၁ | | |
| ၇၅ | ဝါးသုံးပြူးကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၉၁၅ | ၆၃၅ | ၆၃၅ | | |
| ၇၆ | ကြို့ချောင်းကျေးရွာအုပ်စု | ၅ | ၄၄၀၀ | ၂၆၃၃ | ၁၇၆၇ | ၁၇၆၂ | ၅ | |
| ၇၇ | တောင်လျောင်းကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၂၅၄၃ | ၁၄၅၇ | ၁၄၀၃ | ၅၄ | |
| ၇၈ | ပတ်လည်ကြီးကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၀၃၈ | ၁၁၆၂ | ၁၀၈၂ | ၈၀ | |
| ၇၉ | အိုးပေါက်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၀၀၀ | ၇၀၀ | ၆၅၀ | ၅၀ | |
| ၈၀ | ကုလားမကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၂၅၁၇ | ၁၆၈၃ | ၁၆၃၂ | ၅၁ | |
| ၈၁ | တလုပ်ကုန်းကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၁၈၉၉ | ၁၃၅၁ | ၁၃၅၁ | | |
| ၈၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၂၄၂ | ၁၃၀၈ | ၁၀၅၈ | ၂၅၀ | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၈၄ | ၂၄၄၉၀၀ | ၁၅၈၄၄၂ | ၈၆၄၅၈ | ၇၉၃၄၁ | ၇၁၁၇ | |
| | မြို့နယ်ကြိုတင်မဲ | | ၂၃၈၃ | ၁၁၇၀ | ၁၂၁၃ | ၁၂၁၃ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၂၀၀ | | ၂၀၀ | ၂၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၈၄ | ၂၄၇၄၈၃ | ၁၅၉၆၁၂ | ၈၇၈၇၁ | ၈၀၇၅၄ | ၇၁၁၇ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြင်သစ်နိုင်ငံ၌ ကိုဗစ် -၁၉ ကြောင့် ဆေးရုံတက်ရသူအရေအတွက် တစ်ရက်အတွင်း ၄၇၀ အထိရှိလာ

ပါရီ မေ ၅

ပြင်သစ်နိုင်ငံတွင် ကိုဗစ် - ၁၉ ကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ အရေအတွက်မှာ တစ်ရက်အတွင်း ၄၇၀ အထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၄ ရက်တွင် ထုတ်ပြန်သည့် သတင်းများအရ သိရသည်။ ဆေးရုံတက်ရောက်ကာ ကုသမှုခံယူနေသူအရေအတွက်မှာ ၂၉၃၅၆ ဦးအထိ ရှိလာသည်။

၎င်းတို့ထဲတွင် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသူ ၅၃၄၁ ဦးရှိသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြင်သစ်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက် ၆၆၇၉၄ ဦးရှိသည်။ ထို့ကြောင့် ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ ကူးစက်ခံရသူပေါင်း ၄၈၂၄၇၀ အထိ ရှိလာခဲ့သည်။

မေ ၃ ရက်တွင် ပြင်သစ်နိုင်ငံ၌ တတိယအကြိမ်မြောက် တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုစတင်ခဲ့ပြီး အရေးတကြီးမလိုအပ်သည့် ဈေးဆိုင်များ ပိတ်ထားခဲ့ရသည်။ ပြည်သူများသွားလာလှုပ်ရှားမှုကိုလည်း နေအိမ်မှ ၁၀ ကီလိုမီတာအတွင်းသာ လှုပ်ရှားရမည်ဟု ကန့်သတ်ထားသည်။ နေ့ကလေးထိန်းကျောင်းများနှင့် စာသင်ကျောင်းများကိုလည်း သုံးပတ်မှ လေးပတ်အထိ ပိတ်ထားမည်ဖြစ်သည်။

အသွားအလာပိတ်ဆို့ ကန့်သတ်မှုစည်းမျဉ်းအောက်တွင် တစ်မြို့နှင့်တစ်မြို့ ကူးသန်းသွားလာခြင်းကို တားမြစ်ထားသည်။ ထို့ပြင် အရေးတကြီးမလိုအပ်သည့် ဈေးဆိုင်များကို ပိတ်ထားရန် ညွှန်ကြားထားသည့်အတွက် စီးပွားရေးလုပ်ငန်းပေါင်း ၁၅၀၀၀၀ ကိုလည်း ပိတ်ထားရမည်ဖြစ်သည်ဟု ပြင်သစ်နိုင်ငံ၏ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီး ဘရူနိုလီမဲလ်က ပြောသည်။ ယင်းကဲ့သို့ ကန့်သတ်မှုကြောင့် ပြင်သစ်နိုင်ငံ၏ စီးပွားရေးကိုထိခိုက်မည်ဟု ၎င်းက ပြောကြားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ပြင်သစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းမှာ ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျုံ့သွားခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုလည်းဖြစ်သည်။ ကပ်ရောဂါကြောင့် စီးပွားရေးလှုပ်ရှားမှုများတွင် သက်ရောက်မှုကြီးမားခဲ့ရသည်။

ယခုအချိန်အထိ ပြင်သစ်နိုင်ငံ၌ လူပေါင်း ၉ ဒသမ ၂၉ သန်း သို့မဟုတ် အရွယ်ရောက်ပြီးသူ ၁၇ ဒသမ ၇ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးပေးပြီးဖြစ်သည်။ လူဦးရေ ၃ ဒသမ ၁၃ သန်းကိုမူ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောသည်။



ပြင်သစ်နိုင်ငံရှိ အရေးပေါ်ကုသရေးဌာနမှ ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

ပြင်သစ်နိုင်ငံသည် ယခုလအတွင်း လူပေါင်း ၁၀ သန်းကို ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားသည်။ လူဦးရေသန်း ၂၀ ကို မေလလယ်တွင် ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ထားပြီး အရွယ်ရောက်ပြီးသူ သုံးပုံနှစ်ပုံကို နွေရာသီတွင် ကာကွယ်ဆေးထိုးပေးနိုင်ရေး ရည်ရွယ်ထားသည်ဟု သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံရှိ ခရိုင်သုံးခုတွင် တင်းကျပ်သည့် ကိုဗစ် -၁၉ စည်းကမ်းသတ်မှတ်ချက်များစတင်

တိုကျို မေ ၅

ဂျပန်နိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုအရေအတွက် ဆက်လက်မြင့်တက်နေသည့်အတွက် အိုဆာကာနှင့် အခြားခရိုင်နှစ်ခုတို့၌ ကိုဗစ်- ၁၉ တိုက်ဖျက်ရေး စည်းကမ်းချက်များကို တင်းကျပ်လိုက်သည်ဟု သိရသည်။





အိုဆာကာတွင် ပါးစပ်၊ နှာခေါင်းစည်းတပ် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခြင်းမပြုဘဲ စည်းကမ်းအသစ်များ ချမှတ်ခဲ့ခြင်းဖြစ်ပြီး ယင်းစည်းမျဉ်းများသည် တစ်လကြာမြင့်မည်ဟု သိရသည်။ အိုဆာကာ၊ ဟယိုဂို အနောက်ပိုင်းနှင့် မီယာဂီ မြောက်ပိုင်းတို့တွင် ယင်းစည်းမျဉ်းများ သက်ရောက်မှုရှိမည်ဟု သိရသည်။

ယင်းခရိုင်များရှိ ဘားများနှင့် စားသောက်ဆိုင်များသည် ည ၈ နာရီတွင် ဆိုင်ပိတ်ရမည်ဖြစ်ပြီး ကာရာအိုကေ စက်အသုံးပြုမှုကိုလည်း ရပ်နားထားရမည်ဖြစ်သည်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် ငြင်းဆိုသည့် ဖောက်သည်များကို ဆိုင်အတွင်း ဝင်ခွင့်ပြုမည် မဟုတ်ပေ။ အိုဆာကာတွင် မကြာသေးမီအချိန်အတွင်း နေ့စဉ်ကူးစက်မှုများ များပြားလာကာ မေ ၄ ရက်တွင် ကူးစက်ခံရသူ ၅၉၃ ဦး တွေ့ရှိခဲ့သည်။ အိမ်နီးချင်းခရိုင်ဖြစ်သည့် ဟယိုဂိုတွင် ယခုသီတင်းပတ်အတွင်း ၂၁၁ ဦး ကူးစက်ခံရကြောင်း သိရသည်။

အုပ်ချုပ်ရေးမှူးများသည် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်ခံရမှုများ ပျံ့နှံ့လာမည်ကို စိုးရိမ်နေကြသည်။ အရေးပေါ်ဘဏ္ဍာရေးထောက်ပံ့မှုများပြုလုပ်ရန် ဗဟိုအစိုးရထံ တောင်းဆိုကြသည်။ တိုင်းပြည်တစ်ဝန်း မေ ၄ ရက်တွင် နောက်ထပ်ကူးစက်ခံရသူ ၂၄၀၀ ကျော် ရှိခဲ့သည်။ ဆေးရုံ ပေါ်တွင် လူနာ ၄၃၀ မှာလည်း စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

# ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများအတွက် ကိုဗစ် -၁၉ ကာကွယ်ဆေးပေးပို့မှုစတင်

တိုကျို မေ ၅

ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အိုများအတွက် ကိုဗစ်-၁၉ကာကွယ်ဆေးများပေးပို့ခြင်းကို မေ ၅ ရက်တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံမှုမစတင်မီ တစ်ပတ်အလိုတွင် ကာကွယ်ဆေးဖြန့်ဝေမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖိုက်ဇာကာကွယ်ဆေးဖြင့် ကျန်းမာရေးဝန်ထမ်းများကို ထိုးနှံပေးမှုစတင်ပြီးနောက် အသက် ၆၅နှစ်နှင့်အထက် လူပေါင်း ၃ ဒသမ ၆ သန်းအတွက် ကာကွယ်ဆေးထိုးနှံမှုစတင်မည်ဖြစ်သည်။ ယခုသီတင်းပတ်အတွင်း တိုကျို၊ ကာနာဂါဝါ၊ အိုဆာကာတို့တွင် ကာကွယ်ဆေးအလုံးရေ ၃၉၀၀ ရရှိမည်ဖြစ်ပြီး အခြားသောခရိုင်များတွင်လည်း ကာကွယ်ဆေးအလုံးရေ ၁၉၅၀ ရရှိခဲ့ကြသည်။

လာမည့်သီတင်းပတ်အတွင်း တိုကျို၊ ကာနာဂါဝါနှင့်အိုဆာကာတို့တွင် နောက်ထပ်ကိုဗစ် -၁၉ ကာကွယ်ဆေးအလုံးရေ ၁၉၅၀ ရရှိမည်ဖြစ်ပြီး အခြားသော ခရိုင်များတွင်လည်း နှစ်ပတ်အတွင်း ကာကွယ်ဆေးအလုံးရေ ၉၇၅၀ ရရှိမည်ဖြစ်သည်။ ဇွန်လကုန်ပိုင်းတွင် သက်ကြီးရွယ်အိုအရေအတွက် နှစ်ဆကို ကာကွယ်ဆေးအလုံအလောက်ထိုးပေးနိုင်ရေး မျှော်မှန်းထားသည်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အင်န်အိတ်ချ်ကေ

# ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေး ပထမအသုတ်အဖြစ် လစ်ဗျားနိုင်ငံသို့ပေးပို့

ထရီပိုလီ မေ ၅

ယူအေအီးနိုင်ငံမှ ထောက်ပံ့ပေးသည့် ရုရှားနိုင်ငံထုတ် Sputnik V ကာကွယ်ဆေးပထမအသုတ် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့သို့ရောက်ရှိခဲ့သည်ဟု လစ်ဗျားကျန်းမာရေးဝန်ကြီး အလီဇာနာတီ က မေ ၄ ရက်တွင် ကြေညာခဲ့သည်။ သတ်မှတ်ထားသည့်အစီအစဉ်အတိုင်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဖြန့်ဖြူးပေးရေးကို ကျွမ်းကျင်သူများက ဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို မကြာမီအချိန်အတွင်း စတင်တော့မည်ဖြစ်ပြီး ၎င်းက ဦးစွာကာကွယ်ဆေးထိုးနှံမှုကိုခံယူမည်ဟု ပြောကြားသည်။ မေ ၁၁ ရက်တွင် ကာကွယ်ဆေး တစ်သန်းရရှိရန် မျှော်လင့်ထားကာ လစ်ဗျားနိုင်ငံကရရှိရန် မျှော်လင့်ထားသည့် ကာကွယ်ဆေးအရေအတွက်မှာ ငါးသန်းဟုသိရသည်။ သီးခြားထားသည့် စင်တာများတွင် ကိုဗစ် -၁၉လူနာများကို ကုသမှုပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးဦးစွာ ထိုးပေးမည်ဖြစ်ပြီး ယင်းနောက်တွင် သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါသည်များနှင့် ဆေးရုံဆေးစင်တာများမှ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးထိုးနှံပေးမည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

လစ်ဗျားနိုင်ငံ၏ အမျိုးသားရောဂါထိန်းချုပ်ရေးစင်တာ၏ ပြောကြားချက်အရ လစ်ဗျားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၁၆၂၂၉၄ ဦးရှိပြီး သေဆုံးသူ ၂၇၃၇ ဦး ရှိသည်ဟု သိရသည်။ ကိုဗစ် -၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၁၄၉၂၃၈ ဦးရှိသည်ဟု သိရသည်။

ဆင်ဟွာ





လစ်ဗျားနိုင်ငံသို့ ပေးပို့လိုက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သိုလှောင်နေစဉ်။

# ဥရောပ၌ လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှုနှင့် ကာကွယ်ဆေး အခြေအနေများ

နှင်းမိုးအိမ်

အီစတာပွဲတော်ကာလ အားလပ်ရက်များအပြီးတွင် ဥရောပနိုင်ငံများ၌ ကိုဗစ်-၁၉ ကြောင့် ကန့်သတ်ပိတ်ဆို့ထားမှုများကို ဖြေလျှော့ပေးရန် စီစဉ်ထားသော်လည်း လက်ရှိရောဂါကူးစက်မှု အခြေအနေများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။



ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

## လိုက်နာရန် ခက်ခဲလာ

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန်အတွက် နိုင်ငံအများအပြားသည် အီစတာပွဲတော်ကာလအတွင်း တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ခဲ့သည်။ ကာလရှည်ကြာ စည်းကမ်းသတ်မှတ်ချက်များနှင့် ပိတ်ဆို့မှုများကြောင့် ပြည်သူများ လိုက်နာရန် ခက်ခဲလာသည်။ ဘယ်လ်ဂျီယံနိုင်ငံမြို့တော် ဘရပ်ဆဲလ်တွင် ပါတီတက်သူ လူပေါင်း ၂၀၀၀ မှာ ဧပြီ ၁ ရက်က မြို့တော်ရှိ အကြီးဆုံးပန်းခြံသို့ လာရောက်ခဲ့ကြသည်။ ဆိုရှယ်မီဒီယာပေါ်တွင် ဧပြီ ၁ ရက်၌ ပွဲတော်ရှိသည်ဟူသော သတင်းမှားကြောင့် ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ ရဲများက လူစုခွဲရန် ကြိုးပမ်းခဲ့ကြပြီး မီးသတ်ပိုက်များဖြင့် လူစုခွဲခဲ့သည်။ ကိုဗစ်-၁၉ ကန့်သတ်ချက် စည်းကမ်းချက်များရှိသော်လည်း ပွဲကြိုက်သူများသည် စည်းကမ်းချက်များ မလိုက်နာဘဲ တရားမဝင်ကျင်းပသည့် ပွဲများကို တက်ရောက်ခဲ့ကြသည်။

## ဘယ်လ်ဂျီယံနိုင်ငံ၏ ကန့်သတ်မှုများ

ဘယ်လ်ဂျီယံနိုင်ငံတွင် လူဦးရေ ၁၁ သန်း ရှိပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၈၀၀၀ ရှိသည်။ ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစတင်ကာ သေဆုံးသူအရေအတွက်မှာ ၂၃၀၀၀ ကျော် ရှိလာပြီဖြစ်သည်။ ပြီးခဲ့သည့် ၁၄ ရက်တာကာလအတွင်း လူပေါင်း ၁၀၀၀၀၀ တွင် ၅၆၁ ဒသမ ၆ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ထုတ်ပြန်သည့် သတင်းအချက်အလက်များအရ သိရသည်။ ယခုအခါတွင် ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များကို ပိတ်ထားရပြီး ညဘက်သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားသည်။ မလိုအပ်ဘဲ နိုင်ငံပြင်ပသို့ ခရီးသွားလာခြင်းများကိုလည်း ရှောင်ရှားရန်လည်း အမိန့်ထုတ်ထားသည်။

## စိုးရိမ်နေရ

ဗြိတိန်နိုင်ငံတွင် လူပေါင်း ၆၇ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြော့ ထိုးပေးပြီးဖြစ်သည်။ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်နှင့် သေဆုံးမှုအရေအတွက်မှာလည်း တဖြည်းဖြည်းချင်း ကျဆင်းလာသည်။ နိုင်ငံတစ်ဝန်း ဧပြီ ၄ ရက်က အစိုးရ၏ ရာဇဝတ်မှု ဥပဒေကြမ်းသစ်ကို ကန့်ကွက်စုဝေးမှုများ ဖြစ်ပေါ်ခဲ့ရာ နောက်ထပ်ကူးစက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေရသည်။ အကန့်အသတ်အားဖြင့် တားဆီးပိတ်ဆို့ထားမှုများ ဖြေလျှော့ပေးခြင်းကို ကြိုဆိုသော်လည်း ယင်းအခြေအနေကို ကျေနပ်အားရနေ၍ မဖြစ်သေးကြောင်း လက်ထောက်ကော်မရှင်နာ ဂျိန်းကော်နာက ပြောသည်။

## နှောင့်နှေးကြန့်ကြာစေခဲ့

အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာလည်း သွေးခဲမှုပြဿနာ ပေါ်ပေါက်လာသည့်အတွက် အချို့သော ဥရောပနိုင်ငံများတွင် ကာကွယ်ဆေးထိုးနှံမှုကို ရပ်တန့်ခဲ့ရသည်။ ယင်းအခြေအနေကြောင့် ဥရောပတွင် ကာကွယ်ဆေးထိုးသည့် အစီအစဉ်များကို နှောင့်နှေးကြန့်ကြာစေခဲ့သည်။ မတ် ၂၄ ရက်မှစတင်ကာ အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးမှုပေါင်း ၁၈ ဒသမ ၁ သန်းထိုးပြီးရာ သွေးခဲမှုဖြစ်စဉ် ၃၀ ပေါ်ပေါက်ခဲ့သည်ဟု ဗြိတိန်ဆေးဘက်နှင့် ကျန်းမာရေးထုတ်ကုန်များ စည်းကမ်းတင်းကျပ်ရေး အေဂျင်စီက ဧပြီ ၁ ရက်တွင် ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံတွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးပြီးနောက် ပုံမှန်မဟုတ်ဘဲ သွေးခဲမှုဖြစ်စဉ်ကြောင့် လူ ခုနစ်ဦး သေဆုံးခဲ့ရသည်ဟု ဘီဘီစီက ဧပြီ ၃ ရက်တွင် ဖော်ပြခဲ့သည်။ သို့သော်လည်း အက်စ်ထရာဇနီကာ ကာကွယ်ဆေးကြောင့် ဖြစ်ပေါ်လာရသည့် ဆိုးကျိုးများထက် ကောင်းကျိုးများက ပို၍ အလေးသာသည့်အတွက် ကာကွယ်ဆေးထိုးနှံမှုကို ဆက်လက်လုပ်ဆောင်ရန် ဗြိတိန်ဆေးဘက်နှင့် ကျန်းမာရေးထုတ်ကုန်များ စည်းကမ်းတင်းကျပ်ရေးအေဂျင်စီက ပြောသည်။

## နယ်သာလန်နိုင်ငံ၏ အခြေအနေ

နယ်သာလန်နိုင်ငံတွင်လည်း အသက် ၆၀ နှင့်အောက် လူများကို အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ယာယီဆိုင်းငံ့ခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ် အင်္ဂါနေ့ကလည်း ဂျာမနီနိုင်ငံသည် အသက် ၆၀ နှင့်အောက်လူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်။ ကာကွယ်ဆေးထိုးခြင်းနှင့် ဆက်စပ်ပြီး ဦးနှောက်သွေးကြောပိတ်မှု ၃၁ ဦးဖြစ်ပေါ်သည်ဟု သတင်းများ ထွက်ပေါ်ပြီးနောက် ယင်းသို့ ယာယီဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ ရရှိထားသောအချက်အလက်များအပေါ်တွင် မူတည်၍ လာမည့် သီတင်းပတ်အတွင်း အက်စ်ထရာဇနီကာ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး ထောက်ခံချက်များကို အသစ်ထုတ်ပြန်ပေးမည်ဟု ဥရောပဆေးအေဂျင်စီနှင့် ဥရောပသမဂ္ဂဆေးဘက်ဆိုင်ရာ စည်းကမ်းကြီးကြပ်ရေးအဖွဲ့က ပြောသည်။

## ကူးစက်မှု ပိုမိုလျင်မြန်

ဥရောပတွင် တတိယမြောက် ကိုဗစ်-၁၉ ရိုက်ခတ်မှုကို နိုင်ငံအများအပြားတွင် တွေ့မြင်နေရပြီဖြစ်သည်။ ပြင်သစ်နိုင်ငံတွင်လည်း ဒေသတွင်းအဆိုးဆုံးကူးစက်မှုနှင့် ကြုံတွေ့နေရပြီး မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက်တို့တွင် နေ့စဉ်ကူးစက်မှု ၅၀၀၀၀ အထိ ရှိလာခဲ့သည်။ ကပ်ရောဂါကူးစက်မှုမှာ လျင်မြန်စွာ ပျံ့နှံ့နေပြီး ပြီးခဲ့သည့်နှစ်အတွင်းက ဗြိတိန်နိုင်ငံတွင် တွေ့ရှိခဲ့ရသည့် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကူးစက်မှု ပိုမိုလျင်မြန်ခဲ့ခြင်းလည်းဖြစ်သည်ဟု ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ နိုင်ငံတစ်ဝန်း တတိယအကြိမ်မြောက် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ချမှတ်ပြီးနောက်တွင် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံတွင်လည်း ဧပြီ ၁ ရက်က နောက်ထပ် ကူးစက်ခံရသူ ၂၄၃၀၀ ရှိခဲ့သည်ဟု ဂျာမနီနိုင်ငံ၏ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအင်စတီကျူဖြစ်သည့် ရောဘတ်ကို့ချ် အင်စတီကျူက ပြောသည်။

## ခက်ခဲသည့်အခြေအနေများနှင့် ကြုံတွေ့နေရ

ကပ်ရောဂါနှင့် ပတ်သက်၍ ခက်ခဲသည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ပြောကြားခဲ့သည်။ ပြည်သူများအနေဖြင့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက ကူးစက်မှုများကို ရပ်တန့်လျှော့ချရန် မဖြစ်နိုင်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပြည်သူများအနေဖြင့် ပုံမှန်နေထိုင်မှုဘဝ ရရှိရန်အတွက် မသေချာမရေရာသည့် ခံစားမှုများနှင့် ခံစားနေရသည်။ ဩစတြီးယားနိုင်ငံသည် ကပ်ရောဂါကာလအတွင်း အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် အစိမ်းရောင်ဖြတ်သန်းခွင့် ပထမဆုံး မိတ်ဆက်သည့် ဥရောပနိုင်ငံဖြစ်လာခဲ့သည်။ ဇူလိုင်လအစောပိုင်းတွင် ဩစတြီးယားနိုင်ငံသား သုံးပုံပုံ နှစ်ပုံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြော့ကို ထိုးပြီးရန် ကျန်းမာရေးဝန်ကြီး ရုဒ်ဒေါ့ဖ်အန်ရှော့ဘာက ပြောကြားခဲ့သည်။

## အဆိုပြုထား

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကလည်း ဇူလိုင်လကုန်တွင် နိုင်ငံအတွင်း လူငယ်များ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသည့်နောက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံလက်မှတ်ကို စဉ်းစားသွားမည်ဟု ပြောကြားခဲ့သည်။ ဥရောပကော်မရှင်လည်း လွန်ခဲ့သည့်လအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုများအတွက် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကို အဆိုပြုထားခဲ့သည်။ ။

"ဗြိတိန်နိုင်ငံတွင် လူပေါင်း ၆၇ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြော့ ထိုးပေးပြီးဖြစ်သည်။ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်နှင့် သေဆုံးမှုအရေအတွက်မှာလည်း တဖြည်းဖြည်းချင်း ကျဆင်းလာသည်။ နိုင်ငံတစ်ဝန်း ဧပြီ ၄ ရက်က အစိုးရ၏ ရာဇဝတ်မှု ဥပဒေကြမ်းသစ်ကို ကန့်ကွက်စုဝေးမှုများ ဖြစ်ပေါ်ခဲ့ရာ နောက်ထပ်ကူးစက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေရ"

ကိုးကား-ဆင်ဟွာ

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅–၄–၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၃၇၉၆၇ | ၁၃၈၁၆၇၇ | ၄၁၈၁၅ |
| ဖိလစ်ပိုင် | ၈၀၃၃၉၈ | ၆၄၆၂၃၇ | ၁၃၄၃၅ |
| မလေးရှား | ၃၅၁၀၂၉ | ၃၃၆၄၅၆ | ၁၂၉၅ |
| မြန်မာ | ၁၄၂၅၃၀ | ၁၃၁၈၁၉ | ၃၂၀၆ |
| စင်ကာပူ | ၆၁၀၄၉၅ | ၆၀၂၀၂ | ၃၀ |
| ထိုင်း | ၂၉၃၂၁ | ၂၇၈၄၀ | ၉၅ |
| ကမ္ဘောဒီးယား | ၂၇၅၂ | ၁၇၄၇ | ၂၁ |
| ဗီယက်နမ် | ၂၆၃၇ | ၂၄၁၆ | ၃၅ |
| ဘရူနိုင်း | ၂၁၄ | ၁၉၇ | ၃ |
| လာအို | ၄၉ | ၄၆ | ၀ |

## ၅-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၄၂၃၆၃၆ | ၂၃၉၄၆၉၇၀ | ၅၆၈၈၃၀ |
| ၂။ | ဘရာဇီး | ၁၂၉၈၄၉၅၆ | ၁၁၃၅၇၅၁၁ | ၃၃၁၅၃၀ |
| ၃။ | အိန္ဒိယ | ၁၂၆၀၇၁၆၈ | ၁၁၆၈၆၉၆၉ | ၁၅၆၂၁၅ |
| ၄။ | ပြင်သစ် | ၄၈၂၂၄၇၀ | ၂၉၉၆၂၄ | ၉၆၆၇၈ |
| ၅။ | ရုရှား | ၄၅၈၉၅၄၀ | ၄၂၁၁၁၃၃ | ၁၀၀၇၁၇ |
| ၆။ | ဗြိတိန် | ၄၃၅၉၃၈၈ | ၃၉၀၁၆၄၂ | ၁၂၆၈၃၆ |
| ၇။ | အီတလီ | ၃၆၆၈၂၆၄ | ၂၉၈၈၁၉၉ | ၁၁၁၀၃၀ |
| ၈။ | တူရကီ | ၃၄၈၇၀၅၀ | ၃၁၀၅၃၅၀ | ၃၂၆၃ |
| ၉။ | စပိန် | ၃၃၀၀၉၆၅ | ၃၀၅၄၇၂၅ | ၇၅၆၉၈ |
| ၁၀။ | ဂျာမနီ | ၂၈၉၇၀၆၁ | ၂၅၈၁၅၀၀ | ၇၇၅၆၂ |




## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၅

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား COVID-19 ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၆၈ ဦးကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



❁ ကျောဖုံးမှ

မန်စီးတီးအသင်းသည် နောက်ဆုံးပြိုင်ပွဲစုံငါးပွဲတွင် ငါးပွဲစလုံးကိုပြတ် အနိုင်ရရှိထားသည့်အတွက် အသင်းလိုက်စုဖွဲ့မှု အားကောင်းနေသည်။ ဒေါ့မွန်အသင်းက နောက်ဆုံးပြိုင်ပွဲစုံ ငါးပွဲတွင် တစ်ပွဲသာနိုင်ပွဲ ရရှိထားသည့်အတွက် ခြေစွမ်းကျဆင်းနေသည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်တွင် ဘွန်ဒက်စ်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းကို အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ ဒေါ့မွန်အသင်းသည်အဆိုပါအဆင့်တွင် စပိန်ကလပ် ဆီဗီလာအသင်းကို အနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

### ရီးရဲနှင့် လီဗာပူး

ရီးရဲမက်ဒရစ်နှင့် လီဗာပူးအသင်းတို့ နောက်ဆုံး တွေ့ဆုံခဲ့သည်မှာ ၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်ဖြစ်ပြီး ထိုစဉ်က ရီးရဲမက်ဒရစ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့အပြင် အဆိုပါ နှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့သည့် သုံးကြိမ်တွင် သုံးကြိမ်စလုံး ရီးရဲမက်ဒရစ်အသင်းက အနိုင်ရရှိထားသည်။ လက်ရှိတွင် ရီးရဲမက်ဒရစ်အသင်းက လာလီဂါတွင် အဆင့် (၂) နေရာတွင် ရပ်တည်နေပြီး လီဗာပူးအသင်းက အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ ရီးရဲမက်ဒရစ်ရော လီဗာပူးပါ နောက်ဆုံးပြိုင်ပွဲစုံ သုံးပွဲဆက်နိုင်ပွဲရရှိထားသည်။ လီဗာပူးအသင်းအနေဖြင့် ရီးရဲမက်ဒရစ်အသင်းကို ၂၀၁၈ ခုနှစ်က ဗိုလ်လုပွဲ ရှုံးကြွေးပြန်ဆပ်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

အောင်ဇော်

# စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်လေ့ကျင့်ခန်းများ ဆောင်ရွက်ရန်အတွက် သတိပေးချက်ထုတ်ပြန်ကြေညာခြင်း

၁။ တပ်မတော်(ရေ)စစ်ရေယာဉ်များသည် ၂၀၂၁ ခုနှစ်၊ မေလ (၄) ရက်မှ (၁၁) ရက်ထိ ကာလအတွင်း စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက်စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ခန်းများအား ဘင်္ဂလားပင်လယ်အော်အတွင်း လေ့ကျင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် အောက်ပါအတိုင်း Coordinates အမှတ်များအား ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည် -

(က) လေ့ကျင့်ခန်းဧရိယာ(၁)

(၁) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၂ မိနစ်

(ခ) လေ့ကျင့်ခန်းဧရိယာ(၂)

(၁) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၁၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ဝ၆ မိနစ်

(ဂ) လေ့ကျင့်ခန်းဧရိယာ(၃)


(၁) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

(၂) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၉.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၃) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၅ မိနစ်

(၄) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅.၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၇.၅ မိနစ်

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာများမှ ၁၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။




# အများပြည်သူပိုင်နေအိမ်အဆောက်အဦများနှင့် နိုင်ငံတော်ပိုင်အဆောက်အဦများကို ဆူပူအကြမ်းဖက်သူလူတစ်စုက ဖျက်ဆီး

နေပြည်တော် မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ ညောင်ကုန်း (၅)ရပ်ကွက်နေ ဦးမြတ်ကျော်(စစ်မှုထမ်းဟောင်း)၏ နေအိမ်ခြံဝင်းအတွင်းသို့ မေ ၃ ရက် ည ၇ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူတစ်ဦးက ဆိုင်ကယ်မောင်းနှင်၍ သံပိုက်ဖြင့် ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် လာရောက်ပစ်ခတ်မောင်းနှင်ထွက်ပြေးသဖြင့် နေအိမ်ရှေ့တွင် ရပ်ထားသည့် စူပါကာစတန်မော်တော်ယာဉ်အနီး ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကာ မော်တော်ယာဉ်၏ ယာဘက်ခြမ်း အရှေ့တံခါးမှန်အောက်တွင် မိုင်းစထိမှန်ခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ မေ ၄ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ၈ဝနရပ်ကွက်သုမင်္ဂလာလမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ကို ဆူပူအကြမ်းဖက်သူနှစ်ဦးမှ ဆိုင်ကယ် ၁ စီးဖြင့် ရောက်ရှိလာပြီး PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မီးလောင်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ ဘဏ်၏အရှေ့ဘက်၌ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ ပစ္စည်းထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် မေ ၄ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကြီးမြို့ ညောင်ဖြူစခန်း ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၀ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေစဉ်



ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသတ်ခြင်းဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို အောင်ပိုင်ထွေး (ခ) အောင်ပိုင်(ဘ)ဦးဇော်ညွန့်ဆိုသူက ၎င်းစီးနင်းမောင်းနှင်လာသည့် TOYOTA Mark-II ယာဉ်ဖြင့် ဝင်ရောက်မှတ်တိုက် မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်ပေါ်တွင် မီးရှို့ရန် အဝတ်စဖြင့် အသင့်ပြုလုပ်ထားသော ဓာတ်ဆီပုလင်းအကွဲနှစ်လုံး၊ အကောင်းသုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

အလားတူ မေ ၄ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် သီရိခေမာရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ဆူပူအကြမ်းဖက်သူတစ်ဦးက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ရုံးစားပွဲတစ်လုံး၊ ထိုင်ခုံတစ်လုံးနှင့် အခြားစာရွက်စာတမ်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ မေ ၄ ရက် ည ၁၀ နာရီ ၈ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၂)ရပ်ကွက် ရွှေပြည်သာ(၂)လမ်းနှင့် ဘုရင့်နောင်လမ်းဆုံရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ အဆောက်အဦ၏ ၁၀ ရာခိုင်နှုန်းခန့် မီးလောင်ပျက်စီးခဲ့ပြီး အဆောက်အဦအတွင်းမှ (၃၂)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) နေ မောင်ဦး(ဘ)ဦးခင်သန်းမှာ မီးလောင်သေဆုံးလျက်ရှိကြောင်း တွေ့ရှိရပြီး သေမှုသေခင်း ဖွင့်လှစ်လျက်ရှိကြောင်းနှင့် မီးလောင်မှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများ၊ နိုင်ငံတော်ပိုင်အဆောက်အဦများနှင့် အများပြည်သူနေအိမ်များကို အကြမ်းဖက်လုပ်ရပ်များအား ဦးဆောင်လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ



အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦး လှိုင်ကော်မြို့။


ကျော်ကျော်ဟန်(ခ) ကျော်ဇေ(ခ) ဖိုးလုံး လယ်ဝေးမြို့။

နေပြည်တော် ဧပြီ ၅
ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**အကြမ်းဖက်မှုတွင်သုံးသည့် ပစ္စည်းများနှင့် ဖမ်းမိ**

ထိုသို့ ဆောင်ရွက်ရာတွင် ဧပြီ ၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် သီရိရတနာဝင်းလမ်း၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦး တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ရဲမင်းထွန်း(ဘ)ဦးမြေဝင်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ (၄)ရပ်ကွက် ပုလဲ(၁)လမ်းနေ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်လှုံ့ဆော်သူ ဦးတင်ဆွေ(ဘ) ဦးမြင့်အောင်အားလည်းကောင်း၊ (ည)ရပ်ကွက် သုနန္ဒာလမ်းနှင့် ခေမာသီလမ်းဆုံ၌ မော်တော်ယာဉ်အမှတ်၊ E- 32449 ၊ Probox အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အငှားယာဉ်မောင်းဖြစ်သူ ဇော်ဇော်အောင် (ဘ)ဦးဆွေဝင်းအား ဓားမြှောင် ၁၈ လက်နှင့်လည်းကောင်း၊ ဧပြီ ၃ ရက်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၇)ရပ်ကွက် အင်း၀(၂)လမ်း အမှတ်(၉၆၂)၌ ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်ခြင်းနှင့် ပြန်ပေးဆွဲခြင်းများ လုပ်ဆောင်သည့် သင်းအေး(ခ)ကျွဲကြီး၊ စိုးသူအောင်(ဘ)ဦးမြသောင်း၊ ရှိန်းသူရ(ဘ)ဦးဌေးကြွယ်၊ ဇော်မင်းထွန်း(ခ) အိုက်ပီး (ဘ) ဦးအုန်းတင်နှင့် ဒေါ်ဝေဝေခိုင်(ဘ)ဦးဆန်းမောင်တို့ငါးဦးအား ၎င်းတို့ ခိုးယူထားသည့် မော်တော်ယာဉ်တစ်စီး၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လက်လုပ်မိုင်းတု လေးလုံးထောင်ရာတွင် ပါဝင်ခဲ့သူ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၂၆)လမ်းနေ ရှိန်းဇင်ဖြိုး (ဘ) ဦးအေးကိုအားလည်းကောင်း၊ မြန်အောင်မြို့ ဘန့်ဘွေးကုန်းကျေးရွာရှိ ရဲကင်းစခန်းအား မီးရှို့ခဲ့သူ ဝေလင်းထက်(ဘ) ဦးမြင့်နိုင်အား လည်းကောင်း၊ ပန်းတောင်းမြို့နယ် တုံးဘိုတိုက်နယ် သာစည်ကုန်းကျေးရွာ မဟာအတုလအနန္တမုနိဘုရားကုန်းအနီးရှိ လမ်းပေါ်၌ ဆူပူအကြမ်းဖက်သူများက သစ်ကိုင်းများ၊ ကျောက်တုံးများဖြင့် ပိတ်ဆို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်လာသဖြင့် အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ကြည်နိုင်(ဘ)ဦးအုန်းမောင်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဧပြီ ၄ ရက်တွင် လယ်ဝေးမြို့ အမှတ်(၄) ရပ်ကွက် ရန်ကုန်- မန္တလေးလမ်းဟောင်းဘေးရှိ အိမ်အမှတ် (၄/၅၄) နေ ကျော်ကျော်ဟန် (ခ) ကျော်ဇေ(ခ)ဖိုးလုံး (ဘ) ဦးသောင်းလွင်အား ၎င်းပိုင်ဆိုင်သော ဆွေသဟာ အထည်ဆိုင်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ တောင်ကြီးမြို့ ညောင်ဖြူစခန်း ရပ်ကွက် မြင့်မိုရ်လမ်းကြား၌ အတားအဆီးများ ပြုလုပ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်တိုက်ခိုက်သူများဖြစ်သည့် မျိုးမောင်မောင်(ခ) မွေးနီ(ဘ)ဦးမြသန်း၊ အောင်ဇော်သန်း(ခ)ဖိုးဖြူ(ဘ) ဦးမြသန်း။ ဖိုးလုံး(ခ)ထွန်းထွန်းဦး (ဘ) ဦးမြသန်း၊ ခွန်မောင်ဖြူ (ဘ) ဦးခွန်ကျော်ရီ၊ ဦးမြင့်သိန်း(ဘ) ဦးထွန်းစိန်နှင့် ကျော်စွာ (ဘ)ဦးအံဇော်တို့ ၆ ဦးအားလည်းကောင်း၊ လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက် မီးပွိုင့်အနီး၌ ဆူပူအကြမ်းဖက်သူ ၁၀၀ ဦးခန့်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရုဏ်းလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ဖြိုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ သံဖြူဇရပ်မြို့နယ် သွားကားလမ်း၌ ကရုပ္ပိကျေးရွာဘက်မှ ပင‌ကျေးရွာဘက်သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ်၊ 3M- 9217၊ Missu-bishi Extercup အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ NLD ပါတီ ရပ်/ကျေးအတွင်းရေးမှူးဖြစ်သူ သူရိန်ထွန်း (ဘ) ဦးချစ်စိန်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများ၊ CRPH အဖွဲ့ဝင်များနှင့် ဆက်သွယ်ပြောဆိုထားသည့် မှတ်တမ်းများနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့ပြင် ကမာရွတ်မြို့နယ် ထန်းတပင်လမ်းနှင့် စေတနာသုခလမ်းထောင့်နေရာ၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲရာ ၎င်းနေရာမှ လက်လုပ်ဗုံးတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စံပယ်လမ်း တိုက်အမှတ် (၁၂၈၂) ဒုတိယထပ်ရှိ ရဲထွဋ်ဝင်းနေအိမ်၌ လွင်မိုးဟိန်းအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးဝင်းအနင်းရိုးချောင်းပတ်လမ်း ဟိုက်အရောလစ်ပိုက်အရောင်းဆိုင် ဆိုင်အမှတ် (ထ/၁၄)၌ ဆွေသက်ဝင်း(ဘ) ဦးသိန်းဇော်အပါအဝင်အမျိုးသားလေးဦးအား ဒူးလေးလေးလက်၊ ဓားမြှောင် ၂၀ ချောင်း၊ အခြားဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ မုံရွာမြို့ အလယ်ရပ်ကွက် အမှတ်(၁)အထက်တန်းကျောင်းလမ်း၌ CRPH အဖွဲ့အား ကြိုးကိုင်ခေါင်းဆောင်သူတစ်ဦးဖြစ်သည့် NLD ပါတီ ရပ်/ ကျေးဥက္ကဋ္ဌဖြစ်သူ နေဦး (ဘ) ဦးလှအောင်အား လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

**ရန်ပြုတိုက်ခိုက်သဖြင့် ချောက်လှန့်ပစ်ခတ်**

အလားတူ ယနေ့တွင် ဘားအံမြို့ အမှတ်(၆) ရပ်ကွက်ရှိ ဦးမျိုးမြင့်(ဘ) ဦးထွန်းတင်၏ နေအိမ်မှ လက်လုပ်သေနတ်တစ်လက်၊ ၃၈ ဗို့ ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ စမ်းချောင်းမြို့နယ် ကျွန်းတောရပ်ကွက် ညောင်တုန်းလမ်းမှော်ရှိအတွင်း၌ အေးကို (ဘ) ဦးမြင့်ဇော်အပါအဝင် အမျိုးသားရှစ်ဦး၊ အမျိုးသမီးတစ်ဦးတို့အား လေသေနတ်တစ်လက်၊ ဓားရှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အင်းတော်မြို့နယ် အောင်ဇေယျ ရပ်ကွက်ရှိ ရေတွင်းကုန်း ဘုန်းကြီးကျောင်းရှေ့၌ ဥဏ်မောင်(ဘ)ဦးရွှေဖိတ်နှင့်ကျော်စိုးဦး (ဘ) ဦးကျန်အောင်တို့ နှစ်ဦးအား လက်လုပ်မိုင်းလေးလုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ပင်လည်ဘူးမြို့ မြို့မရပ်ကွက် ကျွန်စစ်သားလမ်း၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားနှစ်ဦးအားလည်းကောင်း၊ မြို့မရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူများက တူမီးသေနတ်၊ လေသေနတ်များဖြင့် ရန်ပြုတိုက်ခိုက်လာသဖြင့် အမိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတို့အားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ညည ၃၄/ ၃၇လမ်းနှင့် ၅၅ လမ်းနှင့် ၅၆ လမ်းကြား မင်းကြီးရန်နောင် ၁၂၀ လမ်းရှိ ရဲမြင့်ဦး(ခ)ဖိုးသား (ဘ) ဦးခင်မောင်လတ်အား နေအိမ်၌ ဒူးလေးနှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ၄၁ လမ်းနှင့် လမ်း ၉၀ ထောင့်၌ မသင်္ကာဖွယ်ရာ ဆိုင်ကယ်တစ်စီးအား ရပ်တန့်ရှာဖွေစစ်ဆေးရာ စည်သူအောင်(ဘ) ဦးကျော်မြင့်ဆွေနှင့် ကျော်ရဲအောင်(ဘ)ဦးညီညီမျိုးတို့နှစ်ဦးအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့်လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် လွှင်ပင်ကုန်းကျေးရွာရှိ ဘိုဌေး(ဘ) ထွန်းဇော်ဦးနေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။


သူရိန်ထွန်း သံဖြူဇရပ်မြို့နယ်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေသည့် စာတန်းများ ဖျက်သိမ်းရှင်းလင်း

ရန်ကုန် ဧပြီ ၅
ရန်ကုန်မြို့တော်အတွင်း လမ်းများ၊ ကားဂိတ်များ၊ ဓာတ်တိုင်များ၊ ကားလမ်းမပေါ်များ၊ ခြံစည်းရိုးနံရံများပေါ်တွင် ရေးဆွဲထားသော နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေသည့် စာတန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများက ဖျက်သိမ်းရှင်းလင်းလျက်ရှိသည်။

ထိုသို့ ဖျက်သိမ်းရှင်းလင်းရာတွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း၊ လှိုင်မြစ်လမ်း၊ အင်းစိန်လမ်း၊ ကားမှတ်တိုင်များတွင် ကပ်ထားသော ဆန့်ကျင်စာတန်းများ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လှော်ကားလမ်း၊ မောင်းမကန်ကမ်းသာယာလမ်းပေါ်တွင် ရေးဆွဲထားသည့် ဆန့်ကျင်စာတန်းများ၊ မြောက်ဥက္ကလာပမြို့နယ် သုမင်္ဂလာလမ်းမပေါ်နှင့် ခြံစည်းရိုးနံရံများ၌ ရေးဆွဲထားသည့် အစိုးရဆန့်ကျင်စာတန်းများကို ပူးပေါင်းရှင်းလင်းရေးအဖွဲ့များက ဖျက်သိမ်းရှင်းလင်းခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်

နေပြည်တော် မေ ၅

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန်လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှုဖြစ်ပေါ်စေရန်နှင့် အများပြည်သူအထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိဖြင့်ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ အနုပညာရှင်အချို့နှင့် အခြားပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

## ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားရှိသူများစာရင်း

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Hsu Eaint San https://www.facebook.com/hsumyatthinnii | ဆုအိမ့်စံ  | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Myat Noe Aye - မြတ်နိုးအေး https://www.facebook.com/myatnoeayeofficialpage | မြတ်နိုးအေး  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Than Thar Moe Theint - သံသာမိုးသိမ့် https://www.facebook.com/profile.php?id=100044412910169 | သံသာမိုးသိမ့်  | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Khar Ra https://www.facebook.com/KharRaMyanmarActorOfficial | ခါရာ  | ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Khin Hnin Kyi Thar https://www.facebook.com/khin.kyithar | ခင်နှင်းကြည်သာ  | အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | Patricia https://www.facebook.com/patricia.sueshanaing | စုးရှနိုင်  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Thar Nge www.facebook.com/tharngeOffical | ဇော်ဝင်းထွန်း(ခ) သားငယ်  | အနီးစခန်း၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Thazin Nwe Win https://www.facebook.com/thazinnwelwin | သဇင်နွယ်ဝင်း  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Travel by Naw Htike https://www.facebook.com/travelbynawhtike | နော်ထိုက်ထိုက်ထွန်း  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | JulyMoe(Oasis) https://www.facebook.com/julyoic | ဂျူလိုင်မိုး  | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | Sithu Aung Myint https://www.facebook.com/sithu.aungmyint | စည်သူအောင်မြင့်  | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၂ | Mratt Kyaw Thu https://www.facebook.com/mrattkthu | မြတ်ကျော်သူ  | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Dorothy White https://www.facebook.com/dorothy.white.18659 | နှင်းဆုဖြိုး  | မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၄ | Khin Nant Thar https://www.facebook.com/KNT26 | ခင်နန္ဒာ  | အမှတ်(၁၂) လေးထောင့်ကန်လမ်းမကြီး၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Thida Aung https://www.facebook.com/swartay.lay.33449 | သီတာအောင်  | သီရိရတနာ(၃)လမ်း၊ ပေါက်တာဝ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၆ | Zay Yar Tun https://www.facebook.com/Zayarreal | ဇေယျာထွန်း  | တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Kyaw Zay Ya https://www.facebook.com/kyawzay.ya.5439 | ကျော်ဇေယျ  | ကနောင်မင်းသားကြီးလမ်း၊ စက်မှုကွက်သစ်၊ ရွာဘဲ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Thu Nway Oo https://www.facebook.com/thundermyintthu.soe | သန္တာမြင့်သူစိုး  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၉ | Zin Zae Lwin https://www.facebook.com/zin.zae | ဇင်မျိုးလွင်  | အမှတ် ၂၇/A မြေညီထပ်၊ ၁၆၇ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | U Kyawswarwin https://www.facebook.com/u.kyawswarwin.543 | ကျော်စွာဝင်း  | ကျောက်ထုံးကြီးကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |

သတင်းစဉ်

## အသိပေး ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်း စမ်းသပ်ထုတ်လွှင့်မည်ဟု သတင်းဖြစ်ပေါ်လျက်ရှိသည့် FM ရေဒီယိုလိုင်းတစ်ခုသည် ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်လွှင့်ခွင့်ပြုထားသည့် FM ရေဒီယို မဟုတ်ပါ။ အကယ်၍ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၂-၄-၂၀၂၁)

## ဘွဲ့လွန်သင်တန်းဝင်ခွင့်များ လျှောက်ထားနိုင်

နေပြည်တော် ဧပြီ ၅

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနီးနွယ် တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံ သင်တန်းများနှင့် ပါရဂူဘွဲ့ သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ (၃၀) ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစီးမှူး အစီအစဉ် ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ် အချက်အလက်များကို ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန (တယ်လီဖုန်းအမှတ် - ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆-လိုင်းခွဲ/၈၃၂) သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မံစီမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

မံစီ ဧပြီ ၅

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူများအား ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက စတင်၍ အခြေခံပညာ အလယ်တန်းကျောင်း(ကောင်ရာ) ကျောင်းခန်းမဆောင်၌ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြို့နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဘာသာရေး အသင်းအဖွဲ့များ၊ အသက်(၆၅)နှစ်နှင့် အထက်ရှိ ပြည်သူများအား ထိုးနှံဆောင်ရွက်ပေးလျက်ရှိပြီး မတ် ၅ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ်အဖြစ် လူဦးရေ စုစုပေါင်း ၂၀၁၇ ဦးအား မံစီမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမနှင့် တိုင်းရင်းဆေးရုံ၌ ကျန်းမာရေး ဝန်ထမ်းများနှင့် နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက် ထိုးနှံပေးကြသည်။

မတ် ၅ ရက်တွင် ပထမအကြိမ် ထိုးနှံပြီးသည့်သူများအား ရက်သတ္တ လေးပတ်ခြားပြီး ဒုတိယအကြိမ်မြောက် ထပ်မံထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)






အမြို့မြို့အနယ်နယ်

ပျံ့နှံ့သည့် သတင်းစာ

မြန်မာ့အလင်း

သတင်းစာတွင်

ကြော်ငြာပါ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - မြူးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ ဒီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.moi.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၄ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# တိုင်းပြည်အတွက် အသက်ပေးသွားသည့် အညတရရဲဘော် သို့မဟုတ် အောင်ဆန်းသူရိယလှသောင်း


ကြည်သော်ဇင်


*ယမန်နေ့မှအဆက်*

တပ်မတော်မှာ နှစ်နှစ်မျှသာ တာဝန်ထမ်းဆောင်ခဲ့ရပေမယ့် ရဲဘော်လှသောင်းက တိုင်းပြည်လွတ်လပ်ရေးရပြီးစ ကွန်မြူနစ်တို့ အင်အားစုပေါင်းပြီး ရောင်စုံသူပုန်အဖြစ် အစိုးရကိုပုန်ကန်ချိန်၊ တပ်မတော်သားတွေနဲ့ အစိုးရကို ပုတ်ခတ်တိုက်ခိုက်တဲ့စကားရပ်တွေနဲ့ ထိုးနှက်ခံရတဲ့အခါ စိတ်ဓာတ်ကျမည်ဝေးစွ၊ အိမ်ကြက်ချင်းတိုက်ချင်တဲ့ ကောင်တွေဟု စိတ်နာကြည်းကာ သူ့သေကိုယ်သေ ရဲရဲရင့်ရင့် တိုက်တော့တာပါပဲ။ “ငါ့တိုင်းပြည်၊ ငါ့လူမျိုး၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏” ဟူသော သစ္စာပြုချက်အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး စသည့်ရည်မှန်းချက်တွေပါ ဖြည့်စွက်ခံယူလိုက်တဲ့အခါ အဘယ်မှာ ပြောဖွယ်ရှိတော့မည်နည်း။ ဒါကြောင့်ပင် ပြည်ထောင်စုကြီး ယနေ့အထိ ဥမကွဲသိုက်မပျက် ရှိနေခြင်းပင် စိန်တယ်(သံပြိုင်)..” စာပိုဒ်တွင် တပ်မတော်သားများ၏ တိုက်ပွဲဝင်ဘဝကို မြင်တွေ့ရသည်။

“မပြန်ပါနဲ့သားရယ်၊ ခွင့်ယူပေါ့ကွယ်။ မင်းတို့ ဗိုလ်ကြီးကို အမေလိုက်ပြောမယ်လေ” လို့ အမေဖြစ်သူကပြောနေတဲ့မြင်ကွင်း၊ ထာဝရပြန်မလာနိုင်တော့မယ့်သားကို ကျောက်နီလက်စွပ်လေး ကိုယ်တိုင်ဆင်မြန်းပေးလိုက်တဲ့မိခင်၊ အောင်ဆန်းသူရိယတံဆိပ်ကြီးကို ရင်ဘတ်မှာတပ်ရင်း ကျွန်တော့်သားကြီးလို့ ဂုဏ်ယူရင်း ကျန်ရစ်ခဲ့ရှာတဲ့ ဖခင်တို့ဟာ စာချစ်သူတွေ စိတ်နှလုံးကို ဖမ်းစားနိုင်မှာဖြစ်ပါတယ်။

အောင်စေယျအမည်ရှိတဲ့ တင့်ကားကြီး ဗိုင်းဝမ်းဝမ်းတူးတောင်ကုန်းတိုက်ပွဲမှာ မွှေနှောက်ပြီး ကိုယ့်တပ်သားတွေ ပြန်ထိခိုက်ကြကုန်တဲ့ စစ်ပွဲအတွေ့အကြုံတွေ၊ စနိုက်ပါ ပစ်ခတ်မှု ဖောက်. အွန့်၊ ဗုံးသီး ပစ်ခတ်မှု ရှီး..အုန်း၊ ကယ်ရီယာပစ်ခတ်ရန်အမိန့်ပေးသံနှင့် တစ်လက်စတည်း ဖားယား..ဒုန်း..ဒုန်း၊ ဒုတ်..ဒုတ်ဟူသည့် မော်တာပစ်ခတ်




**“ပြည်သူများက မေတ္တာဖြင့်ကျွေးမွေးပေးပို့သည့် ထမင်းထုပ်များအနက်မှ “ကျွန်မတို့ စားမယ့်ထဲက ရဲဘော်တို့အတွက် ခွဲဝေကျွေးလိုက်ရပါတယ်”ဟု စာတိုလေးနှင့် ဆေးလိပ်ခုံသမကလေးများ၏ မေတ္တာတရား၊ ရှေ့တန်းဝယ် ပင်ပန်းလွန်းရှာသဖြင့် ရေငတ်သောကြောင့် ရေသောက်မည်ကြံသည့် ရဲဘော်တစ်ဦး စနိုက်ပါကျည်ဆန်က ရေအစား လည်ချောင်းတွင်း ဝင်ရှာပြီး ရေဘူးကလေးမှ ရေများ ပန်းထွက်လာသည့်မြင်ကွင်း၊ မိမိစစ်သည်များ နာရီပေါင်းများစွာ အကျအဆုံးများနှင့် ပင်ပန်းဆင်းရဲကြီးစွာ ခံစစ်ပြင်နေကြရသည်ကို မနေမနားအားပေးရှာသည့် တပ်ရင်းမှူး၏ သောကတို့မှာ စာဖတ်သူများအဖို့ ပိတ်ကားထက်တွင် မြင်တွေ့ရသည့် ပမာပင်”**

နှလုံးသားနှင့် ကြည့်ရှုခွင့်ရ

တပ်ကြပ်မောင်ထူး ရေးသားတဲ့ အောင်ဆန်းသူရိယလှသောင်းဆိုတဲ့ အတ္ထုပ္ပတ္တိ စာအုပ်ကလေးကနေ မိမိဘာတွေရလိုက်သလဲလို့ ပြန်လည်သုံးသပ်မိတဲ့အခါ တပ်မတော်သားတွေဟာ တိုင်းပြည်အတွက် ပေးဆပ်ရဲသူတွေပါလား၊ ခေတ်အဆက်ဆက် တို့တစ်တွေ အေးအေးချမ်းချမ်းနေထိုင်ခွင့်ရဖို့၊ ပညာသင်ခွင့်ရဖို့၊ နိုင်ငံရေးစကားဝိုင်းတွေ ဆွေးနွေးခွင့်ရဖို့၊ ကုန်ကုန်ပြောရရင် မိမိတို့တိုင်းပြည်ကြီး စည်ပင်သာယာဝပြောဖို့ တပ်မတော်သားတွေ သွေးနဲ့ချွေးနဲ့ တည်ဆောက်ပေးခဲ့ကြရတာပါလားဆိုတာကို ပန်းချီဆရာတစ်ဦးက လိုင်းမျဉ်းအထူအပါး အစိတ်အကွဲမျိုးစုံနဲ့ တို့ကာခြစ်ကာ ရေးဆွဲပုံဖော်ထားတဲ့ မြန်မာ့နိုင်ငံရေးပန်းချီကား တစ်စိတ်တစ်ပိုင်းကို နှလုံးသားနှင့် ကြည့်ရှုခွင့်ရခြင်းဟူ၍ ညွှန်းဆိုလိုပါတယ်။

စာချစ်သူများကို မေတ္တာရပ်ခံလိုသည်မှာ ဤစာအုပ်ကိုဖတ်ရှုကြည့်ပါ၊ ပြီးလျှင် ရန်ကုန်-မန္တလေးမိုင်တိုင် ၈၀/၃ ရောက်တိုင်း နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်တဲ့ ရဲဘော်အောင်ဆန်းသူရိယလှသောင်းနဲ့ ကျဆုံးရဲဘော်တွေကို သတိတရ မေတ္တာပို့ပေးပါ။ ရဲဘော်လှသောင်း အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အသက်ကိုနှင်း၍ ပေးဆပ်ကြလေတဲ့ တပ်မတော်သားအာဇာနည်များအတွက် လေးစားဂုဏ်ယူလိုက်ပါဟူ၍သာ။ ။

ဖြစ်ကြောင်း ဤစာအုပ်ငယ်ကလေးကပင် သက်သေခံနေပေပြီ။

### အသက်စွန့်၍ ကာကွယ်တိုက်ခိုက်

စာအုပ်ဖတ်ရှု၍ ကုန်သွားသော်လည်း “တပ်မတော်လှသောင်းကွ … ဒက်..ဒက်.. ဒက်..” ဟူသော အသံသည် မိမိနားဝယ်စွဲ၍ ကျန်ရစ်နေပါတယ်။ ထို့အတူ ရှမ်းစုတိုက်ပွဲမှ ဆုတ်ခွာလာခဲ့သည့် သနက(၃)တပ်သားများအဖို့လည်း စွဲထင်၍ ကျန်ပါလိမ့်မယ်။ လူတန်းစားတိုက်ပွဲတွင် လူတန်းစားလွတ်မြောက်ရေး ယုံကြည်ချက် ပြည့်ဝသူများသာ စွန့်စားဝံ့သည် မဟုတ်ပါ။ လူမျိုးကို စော်ကားခံရလျှင်၊ တိုင်းပြည်ကို စော်ကားခံရလျှင်၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်တပ်မတော်ကို စော်ကားခံရလျှင် အသက်စွန့်၍ ကာကွယ်တိုက်ခိုက်ကြသည်သာဖြစ်တာကို အောင်ဆန်းသူရိယလှသောင်း၏ အတ္ထုပ္ပတ္တိစာအုပ်ဝယ် ပြတ်ပြတ်သားသား တွေ့မြင်နိုင်ပါတယ်။

### တိုက်ပွဲဝင်ဘဝကို မြင်တွေ့ရ

ဝက်ကော်တိုက်ပွဲအတွင်း တပ်ရင်းမှူးပြောခဲ့သည့်စကားရပ်များအနက်မှ ဤရန်သူ အင်အားနဲ့ အင်းစိန်သွားပေါင်းမိရင် ရန်ကုန်မြို့နဲ့ အစိုးရအဖို့ မလွယ်တော့၊ သမိုင်းတစ်ဆစ်ချိုး ပြောင်းသွားပေလိမ့်မယ်.။ “ဗိုလ်မြင့်ဆွေ ဆရာတွေခေါ်ဗျာ.. ကျုပ်တို့သစ္စာဆိုကြမယ်.. ဒို့မပြေးဘူး ပြေးရင် ပစ်သတ်တမ်း..ပစ်သတ်တမ်း(သံပြိုင်).. စိန်တယ်နော်.. မှဆုံးသည်နှင့် ရှီးရှီးမြည်ကာ တအုံးအုံးနှင့်ကျည်ဆန်များကျရောက်မှု၊ အင့်..ဖောက်..ထိုင်းဟူသော အနီးမှ ရဲဘော်၏ နောက်ဆုံးညည်းညူလိုက်သည့် အသံနှင့် ဖောက်ဟူသည့်သေနတ်မှန်သံ.. ထိုင်း.. ဟူသည့်သေနတ်သံတို့၊ စသည်တို့သည် စာချစ်သူများအဖို့ စစ်ပွဲများအတွင်း လက်ငင်းရောက်ရှိ နေရသလိုပင် ခံစားရမည်ဖြစ်ပါသည်။

ပြည်သူများက မေတ္တာဖြင့်ကျွေးမွေးပေးပို့သည့် ထမင်းထုပ်များအနက်မှ “ကျွန်မတို့ စားမယ့်ထဲက ရဲဘော်တို့အတွက် ခွဲဝေကျွေးလိုက်ရပါတယ်”ဟု စာတိုလေးနှင့် ဆေးလိပ်ခုံသမကလေးများ၏ မေတ္တာတရား၊ ရှေ့တန်းဝယ်ပင်ပန်းလွန်းရှာသဖြင့် ရေငတ်သောကြောင့် ရေသောက်မည်ကြံသည့် ရဲဘော်တစ်ဦး စနိုက်ပါကျည်ဆန်က ရေအစား လည်ချောင်းတွင်း ဝင်ရှာပြီး ရေဘူးကလေးမှ ရေများ ပန်းထွက်လာသည့်မြင်ကွင်း၊ မိမိ စစ်သည်များ နာရီပေါင်းများစွာ အကျအဆုံးများနှင့် ပင်ပန်းဆင်းရဲကြီးစွာ ခံစစ်ပြင်နေကြရသည်ကို မနေမနားအားပေးရှာသည့် တပ်ရင်းမှူး၏ သောကတို့မှာ စာဖတ်သူများအဖို့ ပိတ်ကားထက်တွင် မြင်တွေ့ရသည့် ပမာပင်။

### နောက်ဆုံးမြင်ကွင်း

“ဆရာ တပ်ရင်းမှူးတို့ဆီကို မြန်မြန်ပြေးပြောပါ..ကျွန်တော် ခံချမယ်..” အလင်းရောင်ပြိုဝယ် ရှမ်းစုရွာဘက်ဆီမှ.. “ဒက်..ဒက်..ဒက်..” ဟူသော ဘရင်းဂန်းကြီး၏ အသံကို ကြားနေရဆဲ။ “ဒါ..လှသောင်းဘရင်းဂန်းသံပဲ” “ဒီကောင်ကြီး အခုထိရှိနေတုန်းကိုး၊ ပြန်တိုက်ကြမယ်ကွာ..” ရဲဘော်တစ်ယောက်၏ မချိတင်ကဲပြောဆိုသံ၊ တပ်ရင်းမှူး၏ အေးဆေးတည်ငြိမ်သောအမိန့်နှင့် ရှမ်းစုမြေကို မသက်သာ မျက်နှာလွှဲကြပုံများ။ “ဒက် ဒက်ဒက်.. ဒက်ဒက်ဒက်..ဒက်ဒက်ဒက်” ရဲဘော်လှသောင်း၏ ဘရင်းဂန်းသံကြီးသည် ရဲဘော်တို့နှင့်ဝေး၍ ရှမ်းစုစစ်မြေတွင် ထီးတည်းကြီးကျန်ခဲ့ရပုံတို့သည် ပြည်သူတစ်ဦးအနေဖြင့် ကိုယ့်မောင်ဖားတစ်ဦး၏ နောက်ဆုံးမြင်ကွင်းကို အနီးကပ်မြင်တွေ့နေရသည့် ခံစားချက်များ ဖြစ်ပေါ်လာစေပါတယ်။

**“စာချစ်သူများကို မေတ္တာရပ်ခံလိုသည်မှာ ဤစာအုပ်ကို ဖတ်ရှုကြည့်ပါ၊ ပြီးလျှင် ရန်ကုန်-မန္တလေးမိုင်တိုင် ၈၀/၃ ရောက်တိုင်း နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်တဲ့ ရဲဘော် အောင်ဆန်းသူရိယလှသောင်းနဲ့ ကျဆုံးရဲဘော်တွေကို သတိတရ မေတ္တာပို့ပေးပါ။ ရဲဘော်လှသောင်း အပါအဝင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အသက်ကိုနှင်း၍ ပေးဆပ်ကြလေတဲ့ တပ်မတော်သား အာဇာနည်များအတွက် လေးစားဂုဏ်ယူလိုက်ပါဟူ၍သာ”**

# ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဘားအံပညာရေးဒီဂရီကောလိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ဘားအံ မေ ၅

ဘားအံပညာရေးကောလိပ်ကို ဘားအံပညာရေးဒီဂရီကောလိပ်သို့ အဆင့်တိုးမြှင့်ခဲ့သည့်အတွက် ဖွဲ့စည်းပုံတိုးလာပြီး သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမဦးရေ တိုးလာသည်နှင့်အညီ ကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိရာ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ ပြည်နယ်ကောင်စီအဖွဲ့ဝင်(၅) ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မေ ၃ ရက်က ဘားအံဒီဂရီကောလိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် သန်း ၁၉၂ ဒသမ ၀၆၀ ဖြင့် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိ သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်စာကြည့်တိုက် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၁၇ ဒသမ ၆ သန်းဖြင့် အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ ရှိ အာစီလေးခန်းတွဲ လေးထပ် ဆရာ/မ အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၈၄ ဒသမ ၁၆ သန်းဖြင့် အလျား ၁၇၉ ပေ၊ အနံ ၃၆ ပေရှိ သံကူကွန်ကရစ် အမျိုးအစား သင်တန်းသား ၁၅၀ ဆံ့ သုံးထပ်အိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဘားအံပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာပါပါဖြင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ဖြင့် သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ဘားအံပညာရေး ဒီဂရီကောလိပ်ရှင်းလင်းဆောင်၌ ဒုတိယကျောင်းအုပ်ကြီးနှင့် ပါမောက္ခ၊ ကထိကများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးအမှာစကားများ ပြောကြားသည်။

အလားတူ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီး တိုးချဲ့ကွက်သစ်ရှိ အလျား ပေ ၁၆၀၊ အနံ ပေ ၁၃၀၊ အမြင့် ပေ ၂၀ ရှိ ပြည်နယ်ဖူဆယ်ဘောလုံးအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

စောမျိုးမင်းသိန်း (မြန်/ဆက်)

# ဇီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ဇီးကုန်း မေ ၅

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိကာ တည်ငြိမ်လျက်ရှိပါကြောင်း၊ ဌာနလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး အာကာဖြိုးက ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကာ မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းက ဒေသတွင်း လုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

တင့်ဆွေ(မြန်/ဆက်)





# ရှမ်းပြည်နယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး မေ ၅

၁၃၈၂ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၂) ဦးခွန်သိန်းမောင်က ၁၃၈၂ ခုနှစ် မြန်မာ့ရိုးရာမဟာ သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေးအတွက် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ လာမည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရှမ်းပြည်နယ်အနေဖြင့် ကျင်းပရမည်ဖြစ်၍ အားလုံးဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်တွင် ဆေးကြောမည်ဖြစ်သည့်အတွက် ပျော်ရွှင်ပွဲရေကစားခြင်းကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း၊ နှစ်သစ်မှာ ကောင်းမှုကုသိုလ်များဖြစ်သည့် သံဃာတော်များ ကန်တော့ခြင်း၊ သက်ကြီးဘိုးဘွားများ ကန်တော့ခြင်းနှင့် နှစ်ဆန်း ၁ ရက်တွင် ဘေးမဲ့ငါး လွှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ပြဆွေးနွေးလိုကြောင်း၊ မဟာသင်္ကြန်ကာလတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝင်းတွင် ကျင်းပမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာန အသီးသီးမှ ပေါင်းစပ်ညှိနှိုင်းပြီး ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် ပွဲတော်ကာလအတွင်း ပြီးပြည့်စုံစွာနှင့် လစ်ဟင်းမှုမရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးနေလင်းက မဟာသင်္ကြန်ပွဲတော်အတွက် ဖျော်ဖြေရေးမဏ္ဍပ်၊ ဧည့်ခံကျွေးမွေးရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်ကိစ္စရပ်များ အသီးသီးဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တင်ပြဆွေးနွေးကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၂) က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ဥတ္တရသီရိမြို့နယ်တွင် ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

ဥတ္တရသီရိ မေ ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်း ၁၁၉၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံ၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကာ ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်း ဖြစ်သည်။

ထို့ပြင် ဥတ္တရသီရိမြို့နယ်အတွင်း အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၄၀၂၀ ကို မေ ၆ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အောင်ကို
(မြန်/ဆက်)

# မှော်ဘီမြို့နယ် မဟာဝိဟာရကျောင်းတိုက်တွင် သုံးထပ်စာသင်သားကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေလှူဒါန်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅



မှော်ဘီမြို့နယ် မဟာဝိဟာရကျောင်းတိုက်သုံးထပ်စာသင်သားကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေလှူဒါန်းပေးအပ်ပွဲကို ဧပြီ ၃ ရက်က အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက ကျောင်းဆောင်သစ် ဆောက်လုပ် လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် နယ်မြေခံ ဆောက်လုပ်ရေးတပ်ခွဲ (အင်ဂျင်နီယာ)မှ တပ်မှူးက မဟာဝိဟာရကျောင်းတိုက် (မှော်ဘီ )တွင် စာသင်သားသံဃာများ တိုးတက်များပြားလာခြင်းကြောင့် ကျောင်းဆောင်သစ်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်က ဆရာတော်ဘဒ္ဒန္တဝိစ္ဆာနန္ဒနှင့် ယခင်ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့က ကြီးမှူး၍ ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး စတင်ဆောက်လုပ်ခဲ့ရာ ပထမအထပ် လုပ်ငန်းများပြီးစီး၍ ဒုတိယအထပ် တည်ဆောက်ရေးလုပ်ငန်းမှာ သုံးပုံတစ်ပုံ ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လှူဒါန်းငွေများနှင့် ဘိလပ်မြေအိတ်များလည်း လိုအပ်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်အတွက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီက လှူဒါန်းငွေကျပ်သိန်း ၁၀၀ ကို ဥက္ကဋ္ဌ ဦးလှစိုးကလည်းကောင်း၊ တိုင်းဒေသကြီးစီမံ အုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် မြို့တော်ဝန် ဦးဗိုလ်ငွေး မိသားစုက ငွေကျပ်သိန်း ၃၀၊ ဦးအောင်သန်းဦးမိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်း မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်မြတ်မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ဦးဇော်ဝင်းရှိန်က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းဝင်း+ဒေါ်ယဉ်ယဉ်ဝင်း PMG သောက်ရေသန့် မိသားစုက ငွေကျပ်သိန်း ၄၀၊ ဦးစိုးမိုးနိုင်(ခ) ဦးဘဘူ+ဒေါ်စန္ဒီလေးလွင်က ငွေကျပ်သိန်း ၃၀ကိုလည်းကောင်း အသီးသီးလှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်ညွန့်ဝင်းဆွေက လက်ခံယူပေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် အလှူရှင်များက ဆရာတော် ဘဒ္ဒန္တဝိစ္ဆာနန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ တရားနာယူကြောင်း သိရသည်။

ဆန်းကျော်ဦး(မြန်/ဆက်)

# မြို့နယ်များ၌ အခြေခံပညာမူလတန်းအဆင့် မွမ်းမံသင်တန်းဖွင့်လှစ်

## မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာ မူလတန်းကျောင်း (Grade-4) သင်ရိုးမွမ်းမံသင်တန်းဖွင့်လှစ်ပေးခြင်းကို ဧပြီ ၅ ရက်က မယ်စဲ့မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခြေခံပညာကျောင်းများသည် ကိုဗစ်-၁၉ ကာလ ကျောင်းများပိတ်ထားလျက်ရှိရာ မူလတန်းအဆင့် ဆရာ ဆရာမများအား သင်ကြားရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနက မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး ယနေ့ ဖွင့်လှစ်သော (Grade-4) သင်ရိုးမွမ်းမံသင်တန်းကို မယ်စဲ့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ဆရာ ဆရာမ ၂၆ ဦး တက်ရောက်ခဲ့ကာ နည်းပြ သုံး ဦးက သင်ကြားပို့ချကြောင်း သိရသည်။

စိုင်းလျှမ်း(မြန်/ဆက်)

## ချောင်းဆုံ

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မူလတန်းအဆင့်(သင်ရိုးသစ်) Grade-4 မြို့နယ်အဆင့် မွမ်းမံသင်တန်းကို ဧပြီ ၅ ရက်က ချောင်းဆုံမြို့နယ်(အ.ထ.က)ချောင်းဆုံကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းသို့ မြို့နယ်အတွင်းရှိ မူလတန်းအဆင့် သင်ကြားရေးဆိုင်ရာ သင်ကြားရေးဆရာဆရာမ ၅၃၄ ဦးအား သင်တန်းပို့ချရက် ၃ ရက်ခွဲကာ ဘာသာရပ် ၁၀ မျိုးကို နည်းပြ ၁၉ ဦးဖြင့် ပထမရက်တွင် ၁၇၉ ဦး၊ ဒုတိယရက်တွင် ၁၈၀၊ တတိယရက်တွင် ၁၈၄ ဦးရှိပြီး အဆိုပါ သင်တန်းကို ဧပြီ ၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်(မြန်/ဆက်)

# ဒလမြို့နယ်၌ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲမှုကြောင့် ခရီးသည်များ သွားလာရေးအဆင်ပြေ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဧရာဝတီတိုင်းဒေသကြီး အခြေပြု ပြေးဆွဲပေးနေသော အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအခြေပြု ပြေးဆွဲပေးနေသော ယာဉ်လိုင်းများအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်အစီးရေ များများ ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ဒလမြို့နယ်ရုံးခွဲမှ သိရသည်။

### ခရီးသည်များ အဆင်ပြေ

ထိုသို့ပြေးဆွဲရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ အခြေပြုပြေးဆွဲပေးနေသော ထက်အောင်ကျော် ယာဉ်လိုင်းအနေဖြင့် ဒလ-မော်ကျွန်း ခရီးစဉ် ခရီးမိုင် ၉၃ မိုင်၊ ပိုင်ရော ယာဉ်လိုင်းအနေဖြင့် ဒလ - ကျိုက်လတ် ခရီးစဉ် ခရီးမိုင် ၇၄ မိုင်၊ ရွှေသူငွေးယာဉ်လိုင်းအနေဖြင့် ဒလ- ဖျာပုံ ခရီးစဉ် ခရီးမိုင် ၆၂ မိုင်တို့သို့ ခရီးသည်များ အဆင်ပြေစေရေးအတွက် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိသည်။

### ခရီးလမ်းများ ပြန်လည်ပွင့်လာ

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး အခြေပြု၍ ဒလ-တွံတေး-ကော့မှူး- ကွမ်းခြံကုန်းမြို့နယ်များနှင့် လှိုင်သာယာမြို့နယ်တို့သို့ ပြေးဆွဲပေးနေသော YBS 47၊ YBS 48၊ YBS 49၊ YBS 50 ယာဉ်များအနေဖြင့် နေ့စဉ်ကားလေးအစီးရေ ၁၂၀ မှ ၁၃၀ ခန့်အထိ၊ မိုက်ခရိုဘတ်(စ်)ကား အစီးရေ ၁၀ စီးကျော်ခန့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အေးချမ်းတည်ငြိမ်မှုနှင့် ခရီးလမ်းများ ပြန်လည်ပွင့်လာခြင်းကြောင့် ယာဉ်လိုင်းအချို့ ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း (YRTA) ဒလမြို့နယ်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့ ဖေဖော်ဝါရီလပိုင်းက အနည်းငယ်ပြေးဆွဲခဲ့ရတယ်။ မတ်လပိုင်းမှာ လမ်းတွေပြန်လည်ပွင့်လာတော့ ပြေးဆွဲမှုနည်းနည်းများလာတယ်။ ခရီးသည်သွားလာမှုက နည်းသေးတယ်။ အရင်လို ပုံမှန်ခရီးသည် မရတော့ဘူး။ အခုဧပြီလ သင်္ကြန်တွင်းကတော့ အိမ်ပြန်ကြတဲ့ သူတွေရှိလာတဲ့အတွက် ခရီးသည်တွေနည်းပေမယ့် သွားလာရေး အဆင်ပြေအောင် ပြေးဆွဲပေးမှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

### ယာဉ်များတိုးမြှင့် ပြေးဆွဲပေး

လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် တစ်ရက်ပျမ်းမျှ ခရီးသည် ၁၀၀ ကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး အခြေပြု၍ ပြေးဆွဲပေးသော ယာဉ်လိုင်းများ အနေဖြင့် ခရီးသည် ၄၀၀ နှင့် ၅၀၀ ကြား ပြေးဆွဲပို့ဆောင်ပေးမှုနှင့် ခရီးသည်များ အဆင်ပြေစေရေးအတွက် ယာဉ်များတိုးမြှင့် ပြေးဆွဲပေးမှုကြောင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အဆင်ပြေချောမွေ့စွာ ကူးသန်းသွားလာလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၂၉၄ စီးရှိကြောင်း သိရသည်။

နိုင်လင်းကျော်(IPRD)



# မိုင်းယောင်း၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကွင်းဆင်းဆောင်ရွက်

မိုင်းယောင်း ဧပြီ ၅

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မုန်းလိုက်ကျေးရွာ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ဧပြီ ၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းနှင့် အဖွဲ့သည် မုန်းလိုက်ကျေးရွာ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် ရွာနယ်နိမိတ်သတ်မှတ်နိုင်ရေး၊ ကွက်စိပ်/ ကွက်ကျဲမြေပုံထုတ် သတ်မှတ်နိုင်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

အားချော

သက်ရှိကမ္ဘာ ရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# သတိပြုကာကွယ် နွေအပူဒဏ်အန္တရာယ်

ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)

ကမ္ဘာကြီး၏အပူချိန်များသည် တဖြည်းဖြည်း မြင့်တက်လာနေပါသည်။ နေ့ပိုင်းအပူချိန်များသည် အန္တရာယ်ဖြစ်လောက်အောင် ပြင်းထန်လွန်းနေပါသည်။ တစ်နှစ်ထက်တစ်နှစ် နွေအပူချိန်များက မြင့်တက်လာနေသည်။ ထိုအပူချိန်ကြောင့် အသက်ကိုအန္တရာယ်ဖြစ်စေနိုင်သည့် heat stroke ၊ အပူချိန်များလွန်းမှုကြောင့် ခန္ဓာကိုယ်ထိခိုက်ပျက်စီးခြင်းများ (heat syncope, heat exhaustation, heat cramps စသည်များ)။ သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများမှာ ရောဂါပိုမိုပြင်းထန်လာရုံမက လေဖြတ်ခြင်းများ၊ ဦးနှောက်အတွင်း သွေးကြောပေါက်ခြင်းများ ဖြစ်လာစေနိုင်ပါသည်။ ပတ်ဝန်းကျင်အပူချိန်မြင့်တက်လာသည်နှင့်အမျှ ခန္ဓာကိုယ်၏ အပူချိန်ကလည်း မြင့်တက်လာပါသည်။ ထိုသို့ ပတ်ဝန်းကျင်အပူချိန်ကိုလိုက်ပြီး ခန္ဓာကိုယ်၏အပူချိန်လိုက်ပါပြောင်းလဲခြင်းကို “real feel temperature”ဟု ခေါ်ပါသည်။ ခန္ဓာကိုယ်ကခံနိုင်သည့် ပတ်ဝန်းကျင်၏ အမြင့်ဆုံးအပူချိန်ဖြစ်သည့် ၅၄ ဒီဂရီစင်တီဂရိတ်( ၁၃၀ ဒီဂရီဖာရင်ဟိုက်)ထက် ကျော်သည်နှင့် လူသားများအဖို့ အန္တရာယ်ကြုံရပြီ စသည်ဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က သတိပေးထားပါသည်။


## နွေအပူချိန်ကို အထူးသတိပြုသင့်

ထို့ကြောင့် အလွန်မြင့်မားလာနေသော နွေအပူချိန်ကို အထူးသတိပြုသင့်ပါသည်။ ကျွန်တော်တို့နိုင်ငံအနေဖြင့် မတ်၊ ဧပြီ၊ မေလတို့သည် အပူဆုံးလများဖြစ်သဖြင့် ထိုကာလများ၏ နေ့အပူချိန်များကို အထူးသတိပြုနေထိုင်ကြဖို့ လိုအပ်ပါသည်။ ထိုအပူချိန်များသည် လူများ၏ကိုယ်တွင်းရေဓာတ်ဆုံးရှုံးစေခြင်း၊ ခန္ဓာကိုယ်တွင်းရှိ သွေးပျစ်စေးမှုနှင့် ဆားဓာတ်များ၏ အခြေအနေများကို ပြောင်းလဲစေပြီး လူ့အသက်ကိုပင် ထိခိုက်စေနိုင်၍ ဖြစ်သည်။ လေ့လာမှုများအရ Heat Waves ခေါ် အပူလှိုင်းများဖြစ်ပေါ်လာမှုဖြစ်စဉ်များစွာ ဖြစ်ပေါ်လာနေပြီး ကမ္ဘာ့မြို့ကြီးများတွင် အအေးဓာတ်များလျော့နည်းလာနေသည်ကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ခန့်ကပင် တွေ့ရှိလာရသည်ဟု သိရပါသည်။ သာမန်တွေ့ကြုံနေကျ နွေရာသီအပူချိန်ထက် ပိုမိုမြင့်မားပြင်းထန်သော အပူချိန်များကြောင့် Heat stroke, heat exhaustion ခေါ် အပူဒဏ်သင့်မှုများ ကြုံလာနေရပြီး သေဆုံးရမှုများစွာ ဖြစ်ပေါ်နေသည်ကိုတွေ့လာရသဖြင့် အထူးသတိပြု ဆင်ခြင်နေထိုင်ကြရန် ပညာရှင်များကသတိပေးတိုက်တွန်းကြပါသည်။ နေ့စဉ်အပူချိန်တိုးလာနေမှုများကြောင့် ခန္ဓာကိုယ်အတွင်း အပူဓာတ်များစုပ်ယူ ဝင်ရောက်ကာအန္တရာယ်ပေးနိုင်ပါသည်။

အာရှတောင်ပိုင်းဒေသများတွင် နွေအပူချိန်များမြင့်တက်နေပြီး ယင်းကြောင့် သေဆုံးနေရမှုများကို တွေ့ရှိနေပါသည်။ ထိုသို့ နွေအပူချိန်မြင့်မားလာနေရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်ပေါ်နေရပြီး ယင်းသည် လူကိုသေစေနိုင်သည့် အပူလှိုင်းများ ဖြစ်ပေါ်လာစေပါသည်။ လေ့လာမှုများအရ နွေရာသီ၏ပျမ်းမျှ လေထုအပူချိန်သည် ၀ ဒသမ ၅ ဒီဂရီဆဲလ်စီးရပ်စ် မြင့်တက်လာသည်နှင့် အိန္ဒိယနိုင်ငံ သို့မဟုတ် ဖွံ့ဖြိုးဆဲအပူပိုင်းဒေသ နိုင်ငံတစ်ခုခုတွင် ထိုအပူဒဏ်ကြောင့် လူသေဆုံးရမှု ၁၄၆ ရာခိုင်နှုန်းခန့် တိုးပွားနေရသည်ဟု သိရပါသည်။ ယခုဆယ်စုနှစ်ကုန်ခါနီးကာလများကစ၍ အာရှတိုက် တောင်ပိုင်း၊ ကမ္ဘာ့အရှေ့အလယ်ပိုင်း၊ အာဖရိကတိုက်ဒေသများတွင် အနည်းဆုံးပျမ်းမျှ ၂ ဒသမ ၂ ဒီဂရီဆဲလ်စီးရပ်စ်ခန့် မြင့်တက်လာနေသည်ကိုတွေ့ရပြီး ယင်းသည် ၅ ဒသမ ၅ ဒီဂရီဆဲလ်စီးရပ်စ် အထိ ဖြစ်လာနိုင်သည်ဟု ယူဆကြသည်။ ထိုလေ့လာမှုတို့သည် အိန္ဒိယနိုင်ငံကို ဗဟိုပြုလေ့လာထားသော်လည်း ရာစုနှစ်ဝက်ကျော် လေ့လာခဲ့မှုများကြောင့် ဖြစ်နိုင်ခြေ အတော်နီးစပ်ပါသည်။ ထိုသို့ နွေအပူချိန်မြင့်မားလာနေခြင်းသည် ဒေသခံလူအပေါင်းတို့၏ ကျန်းမာရေးအခြေအနေများကို ထိခိုက်စေနိုင်ရုံမက သေဆုံးနိုင်သည်အထိ ဖြစ်စေနိုင်သည်ကို အထူးသတိပြုရပါမည်။

## ပိုမိုပြင်းထန်သည့် အပူဒဏ်ကိုခံစားရ

ထိခိုက် နစ်နာရမှုများ၊ သေဆုံးရမှုများသည် အဆင်းရဲဆုံးသူများသာ ခံစားရလေ့ရှိသည်ကိုလည်း တွေ့ရသည်။ အိန္ဒိယနိုင်ငံ၏ သန်းပေါင်း ၃၀၀ ကျော်သော အဆင်းရဲဆုံးသော ပြည်သူတို့သည်




လုပ်အားခ တစ်နေ့လျှင် ၁ ဒသမ ၂၅ ဒေါ်လာအောက်သာ ရကြသူများဖြစ်ကြပြီး ထိုသူများသည် နွေအပူဒဏ်ကြောင့် အများဆုံး ထိခိုက်ခံစားကြရသူများဖြစ်ကြသည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် နွေအပူချိန်များ မြင့်တက်လာပြီး ပြဿနာများကြုံတွေ့လာနေရခြင်းများတွင် ကမ္ဘာ့လူသားအများညီတူစွာ ခံစားကြရသည် မဟုတ်ဘဲ သူဆင်းရဲများစွာသည်သာ ပြင်းထန်စွာ ခံစားနေကြရလျက်ရှိပါသည်။ ဆင်းရဲသူများ၊ လုံခြုံသောအမိုးအကာအောက်တွင် မနေနိုင်ကြသူများ၊ အိမ်ရာမဲ့များ၊ လူမှုရေးအရ ပစ်ပယ်ခံထားရသူများ၊ အရက်ဆေးဝါးသုံးစွဲနေသူများ၊ နေပူထဲတွင် ပင်ပန်းစွာ အလုပ်ကြမ်းလုပ်နေရသည့် ကာယလုပ်သားများ စသည်တို့မှာ နွေအပူဒဏ်ကို ပြင်းစွာခံစားရမှုယ်ရှိသူများ ဖြစ်ကြပါသည်။ Paralysis ခေါ် အာရုံကြောကြွက်သားများ ထိခိုက်ကာ လေဖြတ်ခြင်း၊ ဦးနှောက် သွေးကြောပေါက်ခြင်းတို့သည် ထိုသူများတွင် အဖြစ်များပါသည်။ မိုးလေဝသနှင့် ဇလဗေဒပညာရှင်များက ဧပြီလလယ်မှ မေလအထိကာလသည် မိုးရာသီဦးပိုင်းကာလဟုခေါ်ပြီး လေပူများတိုက်ခြင်း၊ ပတ်ဝန်းကျင်စိုထိုင်းမှုများ မြင့်တက်လာခြင်းတို့ တွေ့ကြုံရနိုင်သည်ဟု ဆိုပါသည်။ လေထု၏အပူချိန်သည်ပူကဲရုံမက စိုထိုင်းမှုပါတွဲလာကာ ပိုမိုပြင်းထန်သည့် အပူဒဏ်ကိုခံစားရတတ်ပါသည်။ ထိုကာလမှာ သွေးတိုးရောဂါ ရှိနေသူများအဖို့ မိမိတို့ကိုယ်ကို ဂရုမစိုက်ကြလျှင် လေဖြတ်ခြင်း၊ဦးနှောက်သွေးကြောပေါက်ခြင်းများ တွေ့ကြုံရတတ်ပါသည်။

## ရေများများသောက်သင့်

အစာကြေလွယ်စာစားခြင်း၊ အပူလွန်ကဲနေချိန်မှာ ကိုယ်လက်လှုပ်ရှားမှု ပြင်းထန်စွာမလုပ်ခြင်း၊ အရက်နှင့် အငန်စာ၊ ဆီကြော်စာများရှောင်ခြင်း၊ ပူနေချိန်မှာ အအေးမခံလွန်းခြင်း၊ အပူထဲကလာပြီး ချက်ချင်းအအေးမခံခြင်း၊ ရေများများသောက်ခြင်း စသည်များ လုပ်သင့်ပါသည်။ ပတ်ဝန်းကျင် စိုထိုင်းမှုများလွန်းခြင်းသည် အသံတိတ် လူသတ်သမားလည်းဖြစ်သဖြင့် လေဝင် လေထွက်ကောင်းသောနေရာမျိုးမှာ နေသင့်ပါသည်။ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း နေပူထဲထွက်ခြင်းကို အတတ်နိုင်ဆုံးရှောင်စေချင်ပါသည်။ နေရိပ် လေဝင်လေထွက်ကောင်းပြီး သဘာဝအတိုင်းအေးမြသောနေရာများမှာ နေထိုင်သင့်ပါသည်။ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်များအတွင်း အမေရိကန်နိုင်ငံမှာ ပူပြင်းသည့်အပူချိန်ကိုခံစားရသဖြင့် လူပေါင်း ၃၃၄၂ ဦးသေဆုံးခဲ့ရပါသည်။ ၆၅ ရာခိုင်နှုန်းဖြစ်သော ၂၂၃၅ ဦးတို့သည် ရောဂါအခံဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ လေဖြတ်၊ နာတာရှည်ရောဂါတစ်မျိုးမျိုး ခံစားနေရသူများဖြစ်ကြပါသည်။ ၃၅ ရာခိုင်နှုန်းဖြစ်သည့် ၁၂၀၃ ဦးတို့ သည် အပူဒဏ်ကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။ Hyperthermia ခေါ် ကိုယ်အပူချိန်ပါ မြင့်တက်လွန်းပြီး သေဆုံးရခြင်းဖြစ်ပါသည်။ နှလုံးရောဂါတစ်ခုခုကြောင့် သေဆုံးရသူပေါင်းသည် ၆၈၁ ဦး (၅၇ ရာခိုင်နှုန်း) ဖြစ်ပြီး hyperthermia ဖြစ်မှုကလည်း အဓိကအချက်ဖြစ်ပါသည်။ နှလုံးရောဂါများမှာ ၇၀ ရာခိုင်နှုန်းတို့သည် နှလုံးသွေးကြောကျဉ်းရောဂါဖြစ်နေသူများ ဖြစ်ကြပါသည်။ နာတာရှည်ရောဂါများတွင် လည်ပင်းကျိတ်ရောဂါများကြောင့်လည်း ဖြစ်တတ်ပါသည်။ Hyperthyroidism ခေါ် လည်ပင်းသိုင်းရွိုက်အကျိတ်အဆိပ်ဖြစ်နေသူတို့သည် ရောဂါကြောင့် အပူချိန်တက်နေတတ်သဖြင့် အပူဒဏ်ပြင်းနေချိန်တို့မှာ အထူးသတိပြုနေထိုင်သင့်ပါသည်။

နွေအပူချိန်သည် မိုးမရွာမီအထိ တစ်နေ့ပြီးတစ်နေ့ တက်လာတတ်ပါသည်။ အပူချိန်တက်လာ သည်နှင့်အမျှ ကိုယ်အပူချိန်လည်း တက်လာပါသည်။ ပတ်ဝန်းကျင်အပူဒဏ်သည် လူ့ခန္ဓာကိုယ်အပေါ် ဖိအားတစ်ခုလို သက်ရောက်လာပါက အပူဖိအားအဖြစ် အန္တရာယ်သက်ရောက်ပါသည်။ ထိုအခါမှာ heat exhaustion, heat stroke စသည့်ပြင်းထန်သော ကျန်းမာရေးပြဿနာများဖြစ်လာပြီး သေဆုံးသည်အထိဖြစ်စေနိုင်ပါသည်။ Heat exhaustion မှာ ကြွက်တက်ခြင်း၊ မောပန်းခြင်း၊ ကိုက်ခဲခြင်း၊ ပျို့အန်ခြင်း၊ ခေါင်းမူးခြင်း၊ မူးလဲခြင်းတို့ဖြစ်တတ်ပါသည်။အရေပြားသည် အေးနေ၊ စိုစွတ်နေပြီး သွေးခုန်နှုန်းမြန်နေခြင်း၊ လက်ကောက်ဝတ်သွေးခုန်မှု အားပျော့၊ အသက်ရှူမြန်နေခြင်းစသည်တို့ဖြစ်နေကာ အချိန်မီ မကုသနိုင်ပါက heat stroke အဖြစ် ပြောင်းသွားနိုင်ပါသည်။ Heat stroke မှာ ကိုယ်အပူချိန်အလွန်မြင့်မားမှုထက် မြင့်မားနေခြင်း၊ အသားနီရဲပူလောင်နေခြင်း၊ အရေပြားခြောက်သွေ့နေခြင်း၊ ချွေးမထွက်ခြင်း၊ သွေးခုန်နှုန်းအလွန်မြန်နေခြင်း၊ ခေါင်းတအားထိုးကိုက်ခြင်း၊ ပျို့အန်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ နောက်ဆုံးသတိမေ့ခြင်းတို့ ဖြစ်တတ်ပါသည်။ Encephalopathy ခေါ် ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးခြင်း၊ အသည်းနှင့်ကျောက်ကပ်ပျက်စီးခြင်း၊ သွေးယိုစီးခြင်း၊ ကိုယ်တွင်းအင်္ဂါအများစု ထိခိုက်ပျက်စီးခြင်းတို့ ဆက်တိုက်ဖြစ်ကာ အသက်ဆုံးသည်အထိ ဖြစ်တတ်ပါသည်။

နေအပူချိန်ကို တိုက်ရိုက်အချိန်ကြာကြာထိတွေ့ ခံရသူများ၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာရောဂါ အစရှိသည်တို့ ရှိနေသူတို့သည် ထိုသို့သော အခြေအနေများဖြစ်နိုင်သဖြင့် အထူးသတိပြုသင့်ပါသည်။ အခြားနာတာရှည်ဝေဒနာရှင်များ၊ သက်ကြီးရွယ်အိုများ၊ အရက်စွဲနေသူများ စသည်တို့ သည်လည်း Heat stroke ဖြစ်နိုင်ခြေများသဖြင့် အထူးသတိပြုသင့်ပါသည်။

စာမျက်နှာ ၂၄ သို့

**“နွေအပူချိန်သည် မိုးမရွာမီအထိ တစ်နေ့ပြီးတစ်နေ့ တက်လာတတ်ပါသည်။ အပူချိန်တက်လာသည်နှင့်အမျှ ကိုယ်အပူချိန်လည်း တက်လာပါသည်။ ပတ်ဝန်းကျင်အပူဒဏ်သည် လူ့ခန္ဓာကိုယ်အပေါ် ဖိအားတစ်ခုလို သက်ရောက်လာပါက အပူဖိအားအဖြစ် အန္တရာယ်သက်ရောက်ပါသည်။ ထိုအခါမှာ heat exhaustion, heat stroke စသည့်ပြင်းထန်သော ကျန်းမာရေးပြဿနာများဖြစ်လာပြီး သေဆုံးသည်အထိဖြစ်စေနိုင်”**

## လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေး ဆက်လက်ထိုးပေး



လှိုင်းဘွဲ့ မေ ၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်ဆန်းခန်းမ၌ ဆောင်ရွက်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေးများ ထိုးပေးသည်။

လှိုင်းဘွဲ့မြို့နယ်၌ ကာကွယ်ဆေးများ ထိုးပေးရာတွင် အခက်အခဲ မရှိစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အနီးကပ်ကူညီဆောင်ရွက်ပေးကြောင်းသိရကာ လူဦးရေ ၇၂၀ ကို ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ် အနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို မေ ၄ ရက်မှ စတင်ထိုးပေးလျက်ရှိပြီး ယနေ့အချိန်အထိ နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များ အသက် ၆၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများ၊ လူမှုရေးအသင်း၊ အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၂၂၀ ကို ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၂၃ မှ

နေ့အပူချိန်များ ပြင်းထန်နေစဉ်အတွင်း ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ကြဖို့၊ အရက်မသောက်ကြဖို့လည်း သတိပေးလိုပါသည်။ အရက်ကိုယ်တိုင်က အပူစာတ်ကို ထုတ်ပေးနိုင်ပါသည်။ ပေါ့ပါးပွရောင်းပြီး အပူမစုပ်နိုင်သည့် အဖြူရောင် အဝတ်အစားမျိုးများ ဝတ်ဆင်သင့်ပါသည်။ ရေဆာလျှင် ရေသန့်သန့်ကိုသာ ဝဝသောက်သင့်ပါသည်။ လေအေးပေးစက် သုံးခြင်းသည် အပူဒဏ်ကိုခံနိုင်ဖို့ အတွက် အထူးသင့်တော်ပါသည်။ အပူချိန်များ နေစဉ်မှာ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ နာတာရှည်ရောဂါရှင်များကို အမြဲစောင့်ကြည့် စစ်ဆေးနေသင့်ပါသည်။ ကလေးများကို ကားထဲထားခဲ့ခြင်းမျိုး၊ သက်ကြီးသူများကို အိမ်မှာသော့ခတ်ထားခဲ့ခြင်းမျိုး များ မလုပ်သင့်ပါ။ အသက် ၆၅ နှစ်ကျော်သူများ၊ ကိုယ်တိုင်မသွားမလာနိုင်သူများ၊ စိတ်ရောဂါခံစားနေရသူများ၊ စိတ်ကျရောဂါ၊ သွေးတိုးရောဂါ၊ အိပ်မပျော်သည့် ကျန်းမာရေးပြဿနာစသည်တို့ကို ခံစားနေကြရသူများသည်လည်း အလားတူခံစားရဖွယ်၊ ထိခိုက်နစ်နာပျက်စီးလွယ်ကြသူများ ဖြစ်ကြပါသည်။ အထူးသဖြင့် အသက်တစ်နှစ်အောက်ကလေးငယ်များကို ဂရုစိုက်ကြဖို့လိုပါသည်။ ကလေးငယ်တို့သည် အပူဒဏ်ကို အရွယ်ရောက်ပြီးသူများလောက် မခံစားနိုင်ကြပါ။ နုနယ်လွန်းသည့် ကလေးငယ်များ၊ ဖျားနာကိုယ်အပူချိန်တက်ပါက ဆေးရုံ ဆေးခန်းများသို့ အမြန်ပြသရန် လိုအပ်ပါသည်။

ကလေးများနှင့် ပတ်သက်ပြီး သတိပြုရန်မှာ မော်တော်ယာဉ်များပေါ်တွင် ကလေးများကို မထားခဲ့ရန်ဖြစ်သည်။ အချို့က ကားရပ်နားထားခဲ့ရာတွင် ကလေးငယ်များ၊ အိမ်မွေးတိရစ္ဆာန်များကို ကားအတွင်းထားခဲ့လေ့ရှိပါသည်။ ကားမှန်ကိုအလုံပိတ်၊ လေအေးစက်ဖွင့်ပြီး ထားခဲ့တတ်ကြပါသည်။ နေပူထဲတွင် ကားရပ်နားထားသည်နှင့် ကားအတွင်းရှိ အနက်ရောင် dashboard၊ ထိုင်ခုံ၊ ယာဉ်မောင်းလက်ကိုင် စသည်တို့သည် အပူစာတ်ကို ပြင်းစွာစုပ်ယူထား တတ်ပါသည်။ ပြင်ပမှ အပူစာတ်ကလည်း အပူစာတ်ကူးမှုများ heat conduction,heat convection များကြောင့် ယာဉ်တွင်းအပူချိန်မြင့် တက်လာတတ်ပါသည်။ နေရောင်တွင် ပါဝင်သော လှိုင်းတိုရောင်စဉ်များက ထိုနေရာများကို ကောင်းစွာရိုက်ခတ်လေ့ရှိပါသည်။ ထိုအခါကား၏ dashboard များ၊ အတွင်းထိုင်ခုံများ၏ အပူချိန်သည် ၁၈၀ မှ ၂၀၀ ဒီဂရီဖာရင်ဟိုက်ကျော်အထိ မြင့်တက်သွားလေ့ရှိပါသည်။ ယာဉ်တံခါးကို အနည်းငယ်ဖွင့်ထားသည့်တိုင် ယာဉ်အတွင်းရှိ အပူချိန်ကလျော့မသွားနိုင်ပါ။ ယာဉ်အတွင်း အပူချိန်ပြင်းစွာမြင့်တက်ပြီး hyperthermia ခေါ် ကိုယ်အပူချိန်လွန်ကဲစွာ မြင့်တက်ကာ အသက်အန္တရာယ် ပေးနိုင်ပါသည်။ ထို့ကြောင့် ကလေးများ၊ သက်ကြီးသူများအပါအဝင် အများပြည်သူတို့ နေပူပူထဲရှိ ယာဉ်အတွင်းမနေသင့်ပါ။ ကလေးများကို ယာဉ်အနီးတွင် ပင် ဆော့ကစားခြင်းမပြုသင့်ပါ။ ယာဉ်ရပ်နားလိုက်သည်နှင့် ယာဉ်အတွင်း လူကျန်ခဲ့ခြင်းရှိမရှိကိုလည်း သတိပြုစစ်ဆေးရန်လိုပါသည်။ ယာဉ်ကြောကျပ်တည်းမှုသည်လည်း အပူဒဏ်ကို ပိုမိုခံစားရစေနိုင်ပါသည်။ ယာဉ်ပေါ်မှာ အချိန်နာရီနှင့် ချီပြီးနေရသည့်အတွက် နေအပူချိန်ကို အချိန်ကြာကြာခံစားရနိုင်ပါသည်။ မြို့ကြီးများမှာ သစ်ပင်များ ဆုံးရှုံးသွားခြင်း၊ မြေနေရာလွတ်များ မရှိတော့ဘဲ တိုက်တာများသာ ပြည့်နေသဖြင့်Urban Island Effect ခေါ် မြို့ကြီးများသည် ယခင်ကထက် ပိုပြီးပူလာပါသည်။ မြို့နေလူထုတို့ အပူဒဏ်ကို ပိုမိုခံစားလာနေရပါသည်။

ကျန်းမာရေးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် အပူဒဏ်ကုသပေးနိုင်သည့် အခြေအနေများကို ကြိုတင်စီမံထားခြင်း၊ အရေးပေါ်လျှင် လက်တွဲဆောင်ရွက်နိုင်ခြင်းစသည်တို့ကို ပြင်ဆင်ထားသင့်ပါသည်။

ယခုလို ပူပြင်းမှုပိုမိုလာနေခြင်း၏ အဓိကအချက်များမှာ ကမ္ဘာကြီးပူနွေးလာနေမှုကြောင့် ဖြစ်သည်။သဘာဝပတ်ဝန်းကျင်ကြီး ထိခိုက်ပျက်စီးမှုကြောင့် ယခုလို ဖြစ်လာနေခြင်းဖြစ်သည်။ သဘာဝတောတောင်၊ သစ်တောသစ်ပင်များ၊ အခြားသဘာဝအရင်းအမြစ်များကို လူသားများက လောဘဇောတိုက်ပြီး တူးဖော်ခုတ်လှဲ အပြိုင်ကြဲကြသည်မို့ တောင်ပြုန်း၊ တောင်ကတုံးဖြစ်ကာ ကမ္ဘာကြီးသည် မျက်တွင်းဟောက်ပက်နှင့် လူနာကြီးတစ်ယောက်လို ဖြစ်နေပါပြီ။ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ကြရပါမည်။ မျိုးဆက်သစ်ကလေးများကိုလည်း ပတ်ဝန်းကျင်ကို ချစ်ခင်တတ်အောင်၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်တတ်အောင် အမွေကောင်းများ ပေးခဲ့ကြရပါမည်။ လေ့ကျင့်သင်ကြား လက်ဆင့်ကမ်းပေးကြရပါမည်။

### အပူဒဏ်များမှကင်းဝေးစေရန်

ရေဆာလျှင် ရေကိုသာသောက်ပါ။ အချိုရည်များ၊ ကဖိန်းဓာတ်ပါအရည်များ၊ အပူအစပ်စားစရာများ ရှောင်သင့်ပါသည်။ ယင်းတို့သည် ကိုယ်တွင်းမှ ရေနှင့် ဆားဓာတ်များ လျော့သွားစေတတ်၍ ဖြစ်သည်။ အသားစားများခြင်းကြောင့် Metabolicheat production ခေါ် ဇီဝယန္တရားဖြစ်စဉ်များ ဖြစ်ပွားပြီး အပူဓာတ်ထွက်လာမှုများနိုင်ပါသည်။ အသားလျှော့စားသင့်ချိန်ဖြစ်သည်။

- အရက်သောက်ခြင်းသည် ခန္ဓာကိုယ်က အပူဓာတ်ထုတ်ပေးနိုင်သဖြင့် ကိုယ်အပူချိန် ပိုမိုမြင့်တက်စေနိုင်ပါသည်။ ထို့ကြောင့် အရက်မသောက်သင့်ပါ။
- နေပူချိန်များ နေချိန်တွင် အရိပ်ရနေရာများမှာ နေပါ။ နေအိမ်များအတွင်း နေထိုင်လျှင် လေအေးပေးစက် Air con သို့မဟုတ် ပန်ကာဖွင့် နေနိုင်ပါသည်။ လေကောင်းလေသန့် လေဝင်လေထွက်ကောင်းရာ နေရာတွင်နေပါ။
- ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှင်များကို အထူးဂရုစိုက်ပါ။
- ပေါ့ပါးအေးမြသော အဝတ်များကိုသာ ဝတ်ဆင်ပါ။ အဖြူရောင်အထည်များ ဝတ်ဆင်ပါ။ အနက်ရောင်များ ရှောင်သင့်ပါသည်။ အနက်ရောင်သည် အပူဓာတ်ကို စုပ်ယူနိုင်သောကြောင့် ဖြစ်သည်။
- နေပူထဲထွက်လျှင်ထီး၊ ဦးထုပ်၊ နေကာမျက်မှန်များ စသည်တို့ကို အသုံးပြုပါ။ နေရောင်ကာ လိမ်းဆေးများ သုံးနိုင်ပါသည်။
- လတ်ဆတ်၍ အရည်ရွှမ်းသော သစ်သီးဝလံများ စားသုံးပါ။
- ကောင်းစွာအိပ်စက်အနားယူပါ။ နေပူချိန်များတွင် ကိုယ်ပင်ပန်းစေသည့် လှုပ်ရှားမှုများ မလုပ်သင့်ပါ။
- ဘေးပတ်ဝန်းကျင် အပူချိန်အေးသွားချိန်မှသာ ရေချိုးပါ။ ကိုယ်လက်လှုပ်ရှားမှု ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ လုပ်ပါ။

နွေအပူချိန် တက်လာချိန်တို့တွင် လေထုအပူချိန်နှင့်အတူ လေ၏ စိုထိုင်းဆလည်း တက်လာလေ့ရှိပါသည်။ လေထု၏ အပူချိန်သည် ၉၆ ဒီဂရီဖြစ်ပြီး လေထု၏ စိုထိုင်းဆသည် ၆၅ ရာခိုင်နှုန်းဖြစ်ပါက လူအများခံစားရသည့် အပူချိန်မှာ ၁၂၁ ဒီဂရီဖာရင်ဟိုက် ဖြစ်သွားပါသည်။ ယင်းကို Heat Index Value အပူဒဏ်အညွှန်းကိန်းဟု ခေါ်ပါသည်။ ထိုအညွှန်းကိန်းသည် ၁၀၅ ဒီဂရီထက် နှစ်ရက်မျှကျော်လာပါက အများပြည်သူတို့အား အပူဒဏ်ကို အထူးသတိပြု ကာကွယ်ဆောင်ရွက်ကြရန် အမြန်သတိပေးခြင်းလုပ်ရကြောင်း သိရသည်။ အမေရိကန် နိုင်ငံတွင် အမျိုးသား ရာသီဥတုကာကွယ်စောင့်ရှောက်ရေး အဖွဲ့ကြီးက အမြဲလေ့လာစောင့်ကြည့်ကာ သတိပေးနှိုးဆော်မှုများ လုပ်ရလေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုကဲ့သို့ အလွန်ပူပြင်းလာနေသည့် နွေရာသီအပူဒဏ်ကို အများပြည်သူတို့ အထူးသတိပြုဆင်ခြင် နေထိုင်ကြဖို့လိုသည်မှာ အမှန်ဖြစ်ပေသည်။ ။


## အမုန်းစကားမပြောရ။


တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊

ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်

နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို

အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ

တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# တာခေါင်မွေတော် ခရီးစဉ်

## ဇိုင်လှိုင်မင်း

မြန်မာနိုင်ငံတစ်ဝန်းမှာ စေတီပုထိုးတွေပေါများစွာ တည်ရှိနေပါတယ်။ စေတီပုထိုးတိုင်းမှာ သမိုင်းဖြစ်ရပ်တွေရှိနေပြီး တချို့သမိုင်းဖြစ်ရပ်တွေဆိုရင် စိတ်ဝင်စားစရာလည်းကောင်းပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ အပန်းဖြေခရီးသွားခရီးစဉ်တွေနဲ့ တစ်ဆက်တည်းသွားလာလို့ရတဲ့ ရှေးဟောင်းစေတီပုထိုးတွေလည်း များစွာရှိနေပါတယ်။ အဲဒီစေတီပုထိုးတွေအနက် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း တည်ရှိနေတဲ့ တာခေါင်မွေတော် စေတီတွေကလည်း ခရီးသွားတွေအတွက်တော့ စိတ်ဝင်စားဖွယ်ရာ သွားရောက်ဖူးမြော်သင့်တဲ့ နေရာလည်း ဖြစ်ပါတယ်။

တာခေါင်မွေတော်ဟာ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်မှနေပြီး စက်လှေနဲ့ရေမိုင် ၃၇ မိုင်ခန့်မောင်းနှင်ရင် ရောက်ရှိနိုင်ပါတယ်။ အင်းလေးကန်မှ အဲဒီခရီးကို စက်လှေနဲ့ ၃ နာရီခန့်မောင်းရင်တော့ ဘီလူးချောင်းတစ်လျှောက် အနောက်ဘက်ကမ်းဘေးမှာတော့ တာခေါင်မွေတော်စေတီတွေဆီ ရောက်ရှိမှာဖြစ်ပါတယ်။ ရေလမ်းခရီးစဉ်၊ အင်းလေးကန်ဝန်းကျင်နဲ့ တောတောင်ရေမြေသဘာဝအလှအပတွေက ခရီးသွားတွေကို စိတ်လှုပ်ရှားစေရာ၊ ဆွဲဆောင်မှုဖြစ်စေတာတော့ အမှန်ပါပဲ။

တာခေါင်မွေတော် စေတီတော်ဆီသွားတဲ့ ဘီလူးချောင်းဝဲယာမှာလည်း ရှခင်းတွေက တစ်မူထူးခြားပြီး ဒေသခံတွေရဲ့ စိုက်ခင်းတွေကို ရှမ်းတောင်တန်းတွေနောက်ခံနဲ့ မြင်တွေ့ခံစားကြရမှာဖြစ်ပါတယ်။ ပြာမှိုင်းစိမ်းညို့နေတဲ့ ရှမ်းတောင်တန်းတွေဟာ ခရီးသွားတွေရဲ့ စိတ်နှလုံးကို အေးချမ်းလွင့်ပျံ့တဲ့ စိတ်ခံစားမှုကိုပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ တာခေါင်မွေတော်စေတီတွေရဲ့ ဝန်းကျင်ဟာ ဖြတ်သန်းခုတ်မောင်းသွားတဲ့ စက်လှေသံကလွဲပြီး ငြိမ်းချမ်းစွာ တည်ရှိနေတဲ့နေရာလည်း ဖြစ်ပါတယ်။


ဘီလူးချောင်းရဲ့ အနောက်ဘက်ကမ်းဘေးမှာတော့ ရှေးဟောင်းတာခေါင်မွေတော်စေတီတွေကို ဖူးမြော်တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီစေတီတွေဟာ အချို့ကပျက်စီးနေပြီး အချို့စေတီတွေကတော့ ကောင်းမွန်တဲ့အနေအထားနဲ့ တည်ရှိနေတုန်းပဲဖြစ်ပါတယ်။ ဒီစေတီတွေကို အလောင်းစည်သူမင်းတိုင်းခန်း လှည့်လည်စဉ်အချိန်က တည်ထားကိုးကွယ်ခဲ့တယ်ဆိုတာကို တာခေါင်စေတီ သမိုင်းမှတ်တမ်းတွေမှာ တွေ့ရှိမှတ်သားဖူးပါတယ်။

တာခေါင်စေတီတွေဟာ အခုချိန်မှာတော့ စေတီကြီး ၇၆ ဆူနှင့် စေတီငယ် ၅၄ ဆူတို့ တည်ရှိနေပြီး ပျက်စီးနေတဲ့စေတီအရေအတွက်ကတော့ ၁၀၆ ဆူရှိနေကြောင်းလည်း တာခေါင်စေတီ သမိုင်းမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒီစေတီတွေရဲ့ ပုံသဏ္ဌာန်ဟာ သေးသေးနဲ့ရှည်ရှည်ဖြစ်ပြီး ယွန်းထီးတွေကလည်း ချွန်နေတဲ့အနေအထား ရှိပါတယ်။ စေတီတွေရဲ့ ဖောင်းရစ်တွေက သေးငယ်ပြီး မြေစိုက်စေတီတွေအဖြစ် တည်ထားခဲ့တာ တွေ့ရပါတယ်။

တာခေါင်မွေတော်စေတီတွေဟာ သက်တမ်းကြာရှည်ပြီဖြစ်တာကြောင့် သဘာဝဘေးဒဏ်တွေ ကြုံတွေ့ခဲ့ရသလို တချို့စေတီမှာတော့ ဌာပနာတွေကို ဖောက်ထွင်းခိုးယူမှုတွေလည်း ခံခဲ့ကြရပါတယ်။ တာခေါင်မွေတော်စေတီတွေရဲ့ လက်ရာပုံသဏ္ဌာန်ဟာ အနီးဝန်းကျင်မှာရှိတဲ့ အင်းတိန်၊ ကက္ကူတို့မှာ တည်ထားတဲ့ စေတီလက်ရာတွေ တူညီနေတာပဲဖြစ်ပါတယ်။ ရှမ်းပြည်နယ် အချို့ဒေသတွေနဲ့ အင်းလေးကန်ဝန်းကျင်ဒေသတွေမှာ ဒီလို ပုံသဏ္ဌာန်တွေကို ဖူးမြော်တွေ့ရှိရလေ့ရှိပါတယ်။ စရာဖြစ်ပါတယ်။

တာခေါင်မွေတော်စေတီတွေရဲ့ အချို့နေရာတွေမှာ ခေါင်းလောင်းတွေရှိနေပြီး အဲဒီခေါင်းလောင်းတွေရဲ့ သက်တမ်းကတော့ နှစ်ပေါင်း ၂၀၀ ခန့်ရှိပြီလို့လည်း သမိုင်းသုတေသနပညာရှင်တွေက ဆိုထားပါတယ်။ ဒီတာခေါင်မွေတော်စေတီတွေထဲမှာ လျှောင်းတော်မူဘုရား၊ သိကြားရုပ်၊ ဂဠုန်ရုပ်တွေလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ထူးခြားတဲ့လက်ရာတွေနဲ့ နေရာရွေးချယ် တည်ထားခဲ့မှုကလည်း စိတ်ဝင်စားစရာအဖြစ် တည်ရှိနေပါတယ်။

ဒီတာခေါင်မွေတော်စေတီတွေကို အင်းလေးကန်က ဖြတ်သန်းစီးဆင်းလာတဲ့ ဘီလူးချောင်းရဲ့ တစ်ဖက်တစ်ချက်နယ်မြေမှာ တည်ထားခဲ့တာဟာ အလောင်းစည်သူမင်း ရေလမ်းခရီးနဲ့ လှည့်လည်ရင်း ဒီနေရာမှာ ပတ်ဝန်းကျင်အခြေအနေ၊ တည်



တာခေါင်မွေတော် စေတီတော်အား အဝေးမှ ဖူးမြော်တွေ့ရစဉ်။

အမျိုးမျိုးသော ဘေးဒုက္ခတွေကြောင့် ပျက်စီးယိုယွင်းနေတဲ့ တာခေါင်မွေတော်စေတီတွေ ပြန်လည်ထိန်းသိမ်းပြုပြင်မှုတွေ ပြုလုပ်နေတာရှိပေမယ့် သမိုင်းတန်ဖိုး၊ ပကတိရှေးဟောင်းသမိုင်းပုံရိပ်အငွေ့အသက်တွေကတော့ ဆုံးရှုံးခဲ့ရပြီဖြစ်ပါတယ်။ ရှေးဟောင်းသမိုင်းတန်ဖိုးကိုသာ အလေးထားလေ့လာကြည့်ရှုလိုတဲ့ နိုင်ငံတကာကခရီးသွားတွေအတွက်တော့ လိုအပ်ချက်တစ်ရပ်အဖြစ် မှတ်ထင်နေရာ အနေအထားတွေအပြင် ခရီးသွားလာရေးတွေကိုပါ ထည့်သွင်းစဉ်းစားပြီး စေတီတွေတည်ခဲ့တာ ဖြစ်နိုင်ကြောင်း သမိုင်းသုတေသီတွေက သုံးသပ်ထားပါတယ်။

တကယ်တော့ဒီနေရာဟာ အရင်ကတည်းက မိုးရာသီမှာရေလွှမ်းတတ်လေ့ရှိတဲ့ စကားမြို့ဟောင်းနယ်မြေ ဖြစ်တယ်လို့ ဆိုပါတယ်။ စကားမြို့ဝန်းကျင်နယ်မြေဟာ မိုးရာသီမှာ ရေလွှမ်းပြီး အင်း



တာခေါင်မွေတော်ဘုရားမုခ်ဦး။

အဖြစ်သဖွယ် တည်ရှိနေတတ်တာမို့ စကားအင်းလို့လည်း ဖြစ်ပေါ်နေခဲ့ပါတယ်။ စကားအင်းရေပြင်ဟာ အကျယ်အဝန်းအနေနဲ့ အရှေ့အနောက် လေးမိုင်ရှိပြီး တောင်မြောက် ခုနစ်မိုင်ခန့်ရှိကာ ရေအနက်က ၁၅ ပေခန့်ကနေ ပေ ၂၀ ခန့်အထိ ရှိတယ်လို့ ဒေသခံတွေက ပြောကြပါတယ်။

ဒီလိုအခြေအနေတွေကြောင့် တာခေါင်မွေတော်စေတီအနီး ဝန်းကျင်စေတီအချို့ဟာ ရေနစ်မြုပ်တတ်တဲ့ အနေအထားတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒါကလည်း ရာသီမရွေးလာရောက်လေ့ရှိတဲ့ ရှေးဟောင်းသမိုင်း သုတေသနပညာရှင် ခရီးသွားညှို့သည်တွေအတွက် စိတ်ဝင်စားမှုရှိစေမှာ ဖြစ်ပါတယ်။ နွေမိုးဆောင်း ရာသီတွေအလိုက် ပြောင်းလဲသွားတတ်တဲ့ သဘာဝပတ်ဝန်းကျင်နယ်မြေအလှအပတွေကလည်း ပြည်တွင်းပြည်ပ ခရီးသွားတွေကို ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေမှာ အမှန်ပါပဲ။

ရှမ်းပြည်နယ်တောင်ပိုင်းမှာ အင်းလေးကန်ဟာ ပြည်တွင်းပြည်ပ ခရီးသွားညှို့သည်တွေ အဓိကသွားရောက်လေ့လာ အပန်းဖြေခရီးစဉ်အဖြစ် ထင်ရှားနေပေမယ့် အဲဒီအင်းလေးကန်ကတစ်ဆင့် သွားရောက်လို့ရတဲ့ တာခေါင်မွေတော်စေတီတွေဆီကိုသွားတဲ့ ခရီးသွားတွေက နည်းပါးနေပါသေးတယ်။ ခရီးစဉ်အနေနဲ့ ထည့်သွင်းမစီစဉ်မှုတွေကြောင့်လည်း ခရီးသွားတွေအရောက်အပေါက်နည်းနေတာလည်း ဖြစ်ပါတယ်။

တာခေါင်မွေတော်စေတီတွေဟာ အင်းတိန်၊ ကက္ကူတွေမှာရှိတဲ့ စေတီပုံသဏ္ဌာန်မျိုးဖြစ်ပေမယ့် သွားရတဲ့ခရီးစဉ်ရဲ့ ဝန်းကျင်မြင်ကွင်းတွေ၊ ကွဲပြားခြားနားဆန်းသစ်တဲ့ နယ်မြေတည်နေရာ အနေအထားတွေ၊ ဒေသခံပြည်သူတွေရဲ့ နေထိုင်သွားလာလုပ်ကိုင်မှုတွေ၊ စိုက်ပျိုးရေးလုပ်ငန်းတွေက ကွဲပြားပြီး ထူးခြားတဲ့ခံစားမှုနဲ့ ဗဟုသုတတွေရရှိစေမှာ ဖြစ်ပါတယ်။

ကိုဗစ်ကာလအလွန်မှာ ခရီးသွားလုပ်ငန်းတွေ ပြန်လည်စတင်တဲ့အချိန်မှာတော့ ရှမ်းပြည်နယ်တောင်ပိုင်းက တာခေါင်မွေတော်စေတီတွေကို ခရီးသွား ခရီးစဉ်အဖြစ်သွားရောက်မယ့် ခရီးသွားညှို့သည်တွေ အများအပြားရှိလာတော့မှာ ဖြစ်ပါတယ်။ ထူးခြားပြီး စိတ်ဝင်စားစရာကောင်းတဲ့အပြင် သမိုင်းဆိုင်ရာတွေပါ စိတ်ဝင်တစား လေ့လာလိုတဲ့ ခရီးသွားတွေအတွက်တော့ ဗဟုသုတများစွာ ရရှိစေနိုင်မယ့် ခရီးစဉ်ဖြစ်လာမှာ သေချာပါတယ်။ ။

**“အင်းလေးကန်ကတစ်ဆင့် သွားရောက်လို့ရတဲ့ တာခေါင်မွေတော်စေတီတော်တွေဆီကိုသွားတဲ့ ခရီးသွားတွေက နည်းပါးနေပါသေးတယ်။ ခရီးစဉ်အနေနဲ့ ထည့်သွင်းမစီစဉ်မှုတွေကြောင့်လည်း ခရီးသွားတွေအရောက်အပေါက်နည်းနေတာလည်း ဖြစ်ပါတယ်။ တာခေါင်မွေတော်စေတီတွေဟာ အင်းတိန်၊ ကက္ကူတွေမှာရှိတဲ့ စေတီပုံသဏ္ဌာန်မျိုးဖြစ်ပေမယ့် သွားရတဲ့ခရီးစဉ်ရဲ့ ဝန်းကျင်မြင်ကွင်းတွေ၊ ကွဲပြားခြားနားဆန်းသစ်တဲ့ နယ်မြေတည်နေရာ အနေအထားတွေ၊ ဒေသခံပြည်သူတွေရဲ့ နေထိုင်သွားလာ လုပ်ကိုင်မှုတွေ၊ စိုက်ပျိုးရေး လုပ်ငန်းတွေက ကွဲပြားပြီး ထူးခြားတဲ့ခံစားမှုနဲ့ ဗဟုသုတတွေရရှိစေမှာ ဖြစ်ပါတယ်”**

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ



နေပြည်တော် မေ ၅

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID- 19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၊ မြောင်းမြမြို့၊ ပန်းတနော်မြို့၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID- 19 ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း



နေပြည်တော် မေ ၅

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနဝန္တယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာ၊ ကောင်းဆန်းဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပြန့် ဘုန်းတော်ကြီး ကျောင်းနှင့် မိုက်ညောင် ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက် သရက်ပင်ကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်ရပ်ကွက် သာသနပါလကျောင်းတိုက်တို့ရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID- 19 ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ မင်္ဂလာကျောင်းတိုက်နှင့် ရခိုင်ပြည်နယ် အမ်းမြို့ ဒိုင်ကြီးဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက်၍ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့အပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်ဟုန်ကျေးရွာ ကောင်းဆန်းဘုန်းတော်ကြီးကျောင်း၊ ဝမ်ဟုန်ပြန့် ဘုန်းတော်ကြီးကျောင်းနှင့် မိုက်ညောင် ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်၊ သံဃာတော်များအား တပ်မတော်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## မြိတ်မြို့ မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်ခဲ့သည့် ခရီးသည်တင်လှေအား ကူညီကယ်ဆယ်

နေပြည်တော် မေ ၅

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မေ ၄ ရက် ည ၆ နာရီခွဲခန့်တွင် မအိုင်ကျွန်း၏ အရှေ့တောင်ဘက်ရေမိုင် ၅ မိုင်ခန့်အကွာ၌ ခရီးသည်တင်လှေတစ်စင်း ကျောက်ဆောင်နှင့် တိုက်မိပြီး ရေဝင်နစ်မြုပ်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ လှေပေါ်ပါ လှေသား သုံးဦးနှင့် ခရီးသည် ၂၀ တို့အား ဒေသခံလှေငယ်လေးစင်းမှ ကယ်ဆယ်ထားကြောင်း တွေ့ရှိရသဖြင့် ၎င်းနစ်မြုပ်လှေပေါ်မှ လှေသားများနှင့် ခရီးသည်များအား စစ်ရေယာဉ်ပေါ်သို့ ပြောင်းရွှေ့တင်ဆောင်ကာ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးသည်။

အဆိုပါ ရေဝင်နစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည့် လှေသားများနှင့် ခရီးသည်များအား ရေကန်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



ရေဝင်နစ်မြုပ်သည့် လှေပေါ်မှ ခရီးသည်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်။

## နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာမည်

နေပြည်တော် မေ ၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိုး/ဇလ

# ဟင်းသီးဟင်းရွက်နှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး၏ ဟင်းသီးဟင်းရွက်နှင့် သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့သည် မှော်ဘီမြို့နယ် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ရှိ စီမံခန့်ခွဲရေးကော်မတီများမှ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မေ ၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂) စီမံခန့်ခွဲရေး ကော်မတီရုံး၌ ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးဇုန် ၁၊ ၂၊ ၃ တို့မှ ဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဇုန်များအတွင်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်းမရှိသော လုပ်ကွက်စာရင်းများ၊ လွှဲပြောင်းရောင်းချထားသည့် မြေကွက်များ၊ အမည်ပြောင်းလဲရာတွင် ကြန့်ကြာနေသည့် ကိစ္စများ၊ ဇုန်များအတွင်း ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိမှုများ၊ အမ်ဆဲဗင်းလမ်းရှိတံတား ကျိုးနေ၍ ပြုပြင်ပေးရန်၊ လျှပ်စစ်မီးသွယ်တန်းရန် မီးကြိုးလိုအပ်ချက်များ၊ ကျူးကျော်များ ဝင်ရောက်နေထိုင်မှုများ၊ လုံခြုံရေးတိုးမြှင့်ပေးရန်၊ သုသာန်မြေ သတ်မှတ်ပေးရန်၊ ဇုန်များတွင် ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်အချို့ ပြောင်းလဲမှုရှိ၍ ပြင်ဆင်ဖွဲ့စည်းပေးရန်နှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို တင်ပြကြသည်။

ယင်းတင်ပြချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးပြီး စိုက်ပျိုး/မွေးမြူရေး အလုပ်အကိုင်များမှ ဝင်ငွေရရှိကာ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်အတွက် လိုအပ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများကို ဖြည့်ဆည်းပေးရန်နှင့် ပိုလျှံပါက ပြည်ပသို့ တင်ပို့ရောင်းချရန် ရည်ရွယ်လျက် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးဇုန်ကို မှော်ဘီမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ အတွင်းမှ မြေဧက ၁၀၀၀၀ ကျော်ကို အသုံးပြု၍ ၁၉၉၉ ခုနှစ်က စတင် အကောင်အထည်ဖော် တည်ထောင်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် စိုက်ပျိုးမွေးမြူရေးဇုန်များမှ တာဝန်ရှိသူများ တွေ့ဆုံစဉ်

## နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများအား ပြန်လည်လွှဲပြောင်း ပို့ဆောင်ပေး

တာချီလိတ် မေ ၅

မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံသို့ပြန်လိုသော ထိုင်းနိုင်ငံသား သံဃာတော်တစ်ပါး၊ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ငါးဦးတို့အား မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများက မေ ၅ ရက် နံနက်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ယင်း ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးမီအချိန်က တာချီလိတ်မြို့သို့ လာရောက် အလုပ်လုပ်ကိုင် နေထိုင်ခဲ့ကြသူများဖြစ်ကြပြီး ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံ အလုပ်ရုံများကို ပိတ်လိုက်မှုကြောင့် အလုပ်အကိုင် ရှားပါးလာသဖြင့် မိခင်ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာခြင်းဖြစ်သည်။

နေရပ်ပြန်လိုသည့် သံဃာတော်တစ်ပါး အပါအဝင် အဆိုပါ ထိုင်းနိုင်ငံသား ငါးဦးတို့အား တာချီလိတ်မြို့ လဝက ဌာနခွဲ(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ထိုင်းနိုင်ငံဘက်မှ တာဝန်ရှိသူများဖြစ်သော တံတား(၂) တာဝန်ခံရဲအရာရှိ၊ လဝကအရာရှိနှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိတို့ ဦးဆောင်သည့်အဖွဲ့က ကျန်းမာရေးစစ်ဆေးခြင်းများ စနစ်တကျလုပ်ဆောင်၍ ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။ ယာဆေး(ပြန်/ဆက်)



ထိုင်းနိုင်ငံသားများကို ပြန်လည်ပို့ဆောင်ပေးနေစဉ်။

## ကော့ကရိတ်မြို့၌ ယခုနှစ် ရော်ဘာအထွက်နှုန်းနည်းသော်လည်း ဈေးကောင်းရရှိသဖြင့် ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်သူနှင့် ရော်ဘာခြံပိုင်ရှင်များ အဆင်ပြေ

ကော့ကရိတ် မေ ၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ရော်ဘာခြံများမှ ယခုနှစ်တွင် ရာသီဥတု အခြေအနေကြောင့် ရော်ဘာအထွက်နှုန်း နည်းသော်လည်း ဈေးကောင်းရရှိသည့်အတွက် ရော်ဘာခြံပိုင်ရှင်များနှင့် ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယမန်နှစ်က နေလှန်းအလွှတ်ရော်ဘာ တစ်ပေါင်လျှင် ဒေသပေါက်ဈေး ကျပ် ၅၅၀၊ နေလှန်းရော်ဘာ တစ်ပေါင်လျှင် ကျပ် ၄၀၀ သာ ဈေးရရှိပြီး ယခုနှစ်တွင် နေလှန်းအလွှတ်ရော်ဘာ တစ်ပေါင်လျှင် ဒေသပေါက်ဈေး ကျပ် ၈၃၀ နှင့် နေလှန်းရော်ဘာ တစ်ပေါင်လျှင် ကျပ် ၆၀၀ အထိ ဈေးနှုန်းရရှိသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း၊ ရော်ဘာဆွဲဖတ်ခွက်ကျန်မှာ ယမန်နှစ်အတိုင်း တစ်ပေါင်လျှင် ကျပ် ၃၅၀ ဈေးရရှိကြောင်း ကော့ကရိတ်မြို့ တတာန်ကူးကျေးရွာနေ ရော်ဘာခြံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

ယခင် သုံးပတ်ခန့်က ရော်ဘာခြံ ၁၀ ဧကခန့်တွင် ရော်ဘာအထွက်နှုန်း ပေါင် ၄၀ အထိ ထွက်ရှိပြီး ယခုအခါ အရွက်ကြွေခြင်း၊ အပွင့်ပွင့်ခြင်းများနှင့် ယခုရက်ပိုင်းတွင် မိုးရွာသွန်းခြင်းများကြောင့် ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် သုံးရက်ခြစ် တစ်ရက်နားရသည့်အတွက် ရော်ဘာခြံ ၁၀ ဧကခန့်မှ ၂၅ ပေါင်ခန့်သာ ထွက်ရှိကြောင်း၊ ထွက်ရှိလာသည့် ရော်ဘာပြားများကို တစ်လနီးပါး နေလှန်းထားရကြောင်းနှင့် မိုးရွာသွန်းခဲ့သည့်အတွက် ရော်ဘာပြားများ နေလှန်းရာတွင် အခက်အခဲများရှိကြောင်း ရော်ဘာအစေးခြစ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယမန်နှစ်က ကော့ကရိတ်မြို့ပတ်ဝန်းကျင် ကျေးရွာများမှ တစ်ရက်လျှင် ရော်ဘာပြား ပေါင် ၂၀၀၀၀ ခန့် လာရောက် ရောင်းချသော်လည်း ယခုအခါ အဆိုပါ အနီးပတ်ဝန်းကျင် ကျေးရွာများမှ တစ်ရက်လျှင် ရော်ဘာပြား ပေါင် ၁၀၀၀၀ ခန့်သာ ဝယ်ယူရတော့ကြောင်း၊ အဆိုပါ ရော်ဘာများကို ကော့ကရိတ်မြို့မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးမှ ကုန်သည်များထံသို့ ပြန်လည်တင်ပို့ ရောင်းချလျက်ရှိကြောင်း ကော့ကရိတ်မြို့ ရော်ဘာဒိုင်တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စောအောင်မျိုးလွင်(ပြန်/ဆက်)



## မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာန၌ မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

မိတ္ထီလာ မေ ၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို မေ ၄ ရက်က မိတ္ထီလာမြို့ အကျဉ်းဦးစီးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

မိတ္ထီလာခရိုင်အတွင်း၌ ပူပြင်းရာသီတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများတွင် အသိပညာပေးမှုများ ဆောင်ရွက်လျက်ရှိရာ အကျဉ်းဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း မီးဘေးကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ပြီးနောက် မီးလန့်မှုများဖြစ်ပွားပါက ကြိုတင် မီးငြိမ်းသတ်နိုင်စေရန် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြခြင်းနှင့် အကျဉ်းဦးစီးဌာနအတွင်းရှိ အဆောက်အအုံများကို မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲသို့ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ သိန်းမြင့်ကျော်(မိတ္ထီလာ)

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဆူပူအကြမ်းဖက်သူများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး

နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် သမိုင်း(၁၀)လမ်းထောင့်ရှိ ရေမြောင်းအတွင်း၌ မေ ၃ ရက် နံနက် ၉ နာရီခန့်တွင် အမည်မသိ အမျိုးသမီးအလောင်း တစ်လောင်းအား တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အသက်(၄၀)နှစ်ခန့်ရှိ အမျိုးသမီး တစ်ဦးဖြစ်ပြီး ပြင်ပထိုးသွင်းဒဏ်ရာမရှိဘဲ မျက်နှာဖူးရောင်ဒဏ်ရာ၊ ဝဲဘက်ခြေမဘေးပြတ်ရှဒဏ်ရာများနှင့်အတူ နဖူးပေါ်မှ ဆံပင်များရိတ်ထားခြင်း၊ ခြေထောက်နှစ်ဖက်အား စက်ဘီးကျုတ်တာယာဖြင့် ချည်ထားခြင်း၊ လက်နှစ်ဖက်အား ပလတ်စတစ်ကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ပါးစပ်အား စက်ဘီးတာယာဖြင့် ပိတ်ဆို့ချည်နှောင်ထားကြောင်း တွေ့ရှိရသည်။ အဆိုပါအမျိုးသမီးအလောင်းအား လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၃ လမ်း နှင့် မနော်ဟရီလမ်းထောင့်၌ မေ ၄ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် အမည်မသိအမျိုးသမီးငယ်တစ်ဦး လမ်းပေါ်တွင် ဝမ်းလျားမှောက်လဲကျနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအမျိုးသမီး၏ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာဘက်လက်ကောက်ဝတ်တွင် ကြိုးဖြင့် ချည်နှောင်ထားသည့် အညိုအမည်းစွဲပွန်းပဲ့ဒဏ်ရာများ၊ လက်ဆစ်များ၊ ခြေဆစ်များနှင့် ဝဲဘက်ခြေမတို့တွင် ညိုမည်းစွဲပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသည်။ အဆိုပါအမျိုးသမီးအလောင်းနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ၄၅ လမ်းနှင့် ၁၁၇ လမ်းထောင့်တွင်နေထိုင်သူ မထက်ထက်ဝင်း(၁၉)နှစ်(ဘ)ဦးဖြူ ဖြစ်ကြောင်း သိရှိရသည်။

အထက်ဖြစ်စဉ်များတွင် သေဆုံးသူအမျိုးသမီးအလောင်းများအား သက်ဆိုင်ရာ ရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်ထားရှိကြောင်းနှင့် ဖြစ်စဉ်များနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ Democracy Vision သတင်းဌာနမှ သတင်းထောက် ဇင်သော်နိုင်အား ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသူ ဒီမိုကရေစီဗင်းရှင်း သတင်းဌာနမှ သတင်းထောက် ဇင်သော်နိုင်အား မေ ၄ ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



Democracy Vision သတင်းဌာနမှ သတင်းထောက် ဇင်သော်နိုင်အား ဖမ်းဆီးရမိစဉ်။

ဖြစ်စဉ်မှာ မေ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်မြို့အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် မဟာဗန္ဓုလလမ်း အရောက်တွင် လူတစ်ဦးမှ နေ့ဦးမှတ်တိုင် သတင်းလွှာစက္ကူတစ်ရွက်အား ဗိုလ်ကလေးဈေးကားမှတ်တိုင်တွင် ကပ်နေသည်ကို တွေ့ရှိရသဖြင့် ခေါ်ယူစစ်ဆေးရာ မြောက်ဥက္ကလာပမြို့နယ်နေ ဇင်သော်နိုင် (၃၆)နှစ်(ဘ) ဦးသိန်းဌေး၊ Democracy Vision သတင်းဌာနမှ သတင်းထောက်ဆိုသူဖြစ်ပြီး ၎င်းမောင်းနှင်လာသောယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်နံပါတ်ပြားအမှန်ပေါ်၌ ယာဉ်နံပါတ်ပြားအတု တပ်ဆင်မောင်းနှင် အသုံးပြုပြီး ယာဉ်အတွင်းမှ နေ့ဦးမှတ်တိုင် သတင်းလွှာစာရွက် ရှစ်ရွက်၊ ကော်ထုပ်လေးထုပ်၊ Democracy Vision သတင်းဌာနမှ ဇင်သော်နိုင် အမည်ပါ လည်ဆွဲ နှစ်ခု၊ သံချွန်သုံးချောင်း စိုက်ထားသည့် ပိုက်ပျော့တစ်ချောင်း၊ တူ တစ်လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ဇင်သော်နိုင်အား အမှုဖွင့်လှစ်စစ်ဆေးလျက်ရှိပြီး ၎င်းသည် ဆူပူဆန္ဒပြမှုများ၌ ပါဝင်ခဲ့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပုဇွန်တောင်မြို့မရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်လှစ်ခံထားရသူဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မေ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် အင်္ဂပူမြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မေ ၄ ရက်တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည် သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည် သဘောပေါက်ကာ တူမီးသေနတ် ခြောက်လက်နှင့် လက်လုပ်သေနတ် ၂၄ လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ခေါင်လန်ဖူးမြို့ ရီဒမ်းကြိုးတံတား၌ မူးယစ်ဆေးဝါးသယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့၏ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာရှိ ရီဒမ်းကြိုးတံတား၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ထွက်မှုများ စစ်ဆေး ဆောင်ရွက်စဉ် မေ ၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပူတာအိုမြို့မှ ခေါင်လန်ဖူး မြို့ဘက်သို့ အောင်မျိုးလင်း(ဘ)ဦးဝင်းမြင့်နှင့် ခင်မောင်ထွေး(ဘ)ဦးတန်ဆိုင်တို့ မောင်းနှင်ပြီး စောခွဲ့ဝင်းရွှေဦး စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်နှစ်စီးအား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၉၀ ဒသမ ဝ၄ ဂရမ်ခန့်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃ သိန်းကျော်)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးများ၊ ဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိသူများအား ခေါင်လန်ဖူးမြို့မရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြစ်ကြီးနားမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃ ရက် ညနေ ၅ နာရီခွဲတွင် မြစ်ကြီးနားမြို့ ရာဒါကောင်း(အေ)ရပ်ကွက်တွင် စောဖုန်းအောင် မောင်းနှင်ပြီး ဘရန်ထွန်း လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ၎င်းတို့ တည်းခိုနေထိုင်သည့် တည်းခိုခန်းမှ ဆိုင်ကယ်တစ်စီး ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စောဖုန်းအောင် (၂၈)နှစ်၊ ဘရန်ထွန်း (၂၄)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း ရိုးမရေသန့်စက်ရုံ၌ မီးလောင်မှုဖြစ်ပွား



နေပြည်တော် မေ ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၇)ရပ်ကွက် မယ်ဇီကုန်းလမ်း ရိုးမရေသန့်စက်ရုံရှိ ပရိဘောဂပစ္စည်းများထည့်ထားသော ဂိုဒေါင်၌ နံနက် ၁၀ နာရီ ၅၀ မိနစ်ခန့်တွင် ဝိုင်ယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ယာဉ် ရှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် နံနက် ၁၁ နာရီ ၁၈ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ (ယာပုံ)

အဆိုပါ မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ပစ္စည်းဂိုဒေါင်အဆောက်အအုံ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား COVID-19 ရောဂါကာကွယ်ဆေးထိုးနှံပေး



နေပြည်တော် ဧပြီ ၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့် ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များကို နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည့်အပြင် ယနေ့တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Center ၌ ရန်ကုန်မြို့အခြေစိုက် သံရုံးများဖြစ်ကြသော အိန္ဒိယသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကာတာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း ၇၃ ဦးကို COVID-19 ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့သည်။

ထိုးနှံပေးခဲ့သည့် ကာကွယ်ဆေး အမျိုးအစားမှာ နိုင်ငံတော်မှ ပြည်သူ့ဘဏ္ဍာငွေဖြင့် အကုန်အကျခံဝယ်ယူထားသည့် COVISHIELD ကာကွယ်ဆေးဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အခမဲ့ထိုးနှံပေးခြင်းဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❑

COVID-19 ကာကွယ်ဆေး ထိုးနှံမှုခံယူမည့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများမှ သံရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား တွေ့ရစဉ်။

## COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၄-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၄-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၄-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၀၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၄၅,၁၆၁) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၃၀) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၁၉) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မှောင်မိုက်သောနေ့တွေ ကုန်ဆုံးနိုင်ပါစေ စာ ၆
ဥရောပ၌ လက်ရှိ ကိုဗစ်-၁၉ ကူးစက်မှုနှင့် ကာကွယ်ဆေး အခြေအနေများ စာ ၁၄
သတိပြုကာကွယ် နှွေအပူဒဏ်အန္တရာယ် စာ ၂၃

## ဒေါ့မွန်နဲ့တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို မန်စီးတီး ချိုးဖျက်နိုင်မလား

ယခုတစ်ပတ်တွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းနှင့် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်း၊ စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်စီးတီးနှင့် ဒေါ့မွန်အသင်းတို့ ပွဲစဉ်ကို ဧပြီ ၇ ရက် နံနက် ၁ နာရီခွဲတွင် မန်စီးတီး အိမ်ကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်ကို ရီးရဲမက်ဒရစ်အိမ်ကွင်း၌ ဧပြီ ၇ ရက် နံနက် ၁ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

မန်စီးတီးအသင်းနှင့် ဒေါ့မွန်အသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့သည်မှာ ၂၀၁၈ ခုနှစ် နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲတွင်ဖြစ်ပြီး (ယခုပုံ) ဒေါ့မွန် အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့အပြင် မန်စီးတီးနှင့် ဒေါ့မွန်အသင်းတို့ထိပ်တိုက် တွေ့ဆုံခဲ့သည့် နောက်ဆုံးငါးပွဲတွင်လည်း ဒေါ့မွန်အသင်းက အသာရထားပြီး နှစ်ပွဲသရေကျကာ သုံးပွဲအထိ နိုင်ပွဲရရှိထားသည်ကို တွေ့ရသည်။ ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် ဒေါ့မွန်အသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည်ကို သတိပြုရမည်။ အဆိုပါနှစ်သင်း၏ လက်ရှိခြေစွမ်းကို နှိုင်းယှဉ်ကြည့်ရင် မန်စီးတီးအသင်းသည် ပရီမီယာလိဂ် ၃၁ ပွဲကစားပြီး ၇၄ မှတ်ဖြင့် အမှတ် ပေးဇယားကို ဦးဆောင်ထားပြီး ချန်ပီယံဖြစ်ရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ဒေါ့မွန်အသင်းက ဘွန်ဒက်စ်လီဂါ ၂၇ ပွဲကစားပြီး ၄၃ မှတ်ဖြင့် အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။



*စာမျက်နှာ ၁၅ ကော်လံ ၁* ❀